ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော

“ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။”

# သာထွန်းပြန့်

၁၃၇၈ ခုနှစ်၊ နယုန် - ဝါဆို၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၊ အတွဲ (၂၁)၊ အမှတ် (၁၁)

ဓမ္မစာစောင်



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနာ့အရေး အမှ သင်္ဂဟိတရေး

ငါသည် ဗုဒ္ဓသာသနာတော်ကို မပျက်ထမ်းအောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၁၁)၊ ၁၃၇၈ ခုနှစ်၊ နယုန် - ဝါဆို၊
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ



**နာယကကြီးများ**

သုရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊
သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဦးမိုးဇော်ရွှေ
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

ဦး[illegible]

**တာဝန်ခံစာတည်း**

ဘဒ္ဒန္တသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပျ(မ်)အက်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇


## မာတိကာ


၄ အောင်မင်္ဂလာဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့"

၇ စာတည်းအာဘော်
"မြင့်မြတ်သော စိတ်ထားဖြင့် ကြိုးစားဆောင်ရွက်ပါမှ အမျိုးဘာသာ စည်ပင်သာယာပါမည်"

၉ ထေရဝါဒဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရ၏ ဩဝါဒကထာ

၁၅ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ

၁၉ ကိုယ့်အလုပ်ဆိုတာ — မုံရွာ - နေဇာ

၂၀ ရေနစ်သူများသို့ — ဖျာပုံ - တင်နိုင်ဝင်း

၂၁ မိပတိသုံးပါး ကိုယ်မှာထားသော်

သိဒ္ဓိရှင် (နေပြည်တော်)

၂၂ ခင်ပွန်းကြီးဆယ်ပါး အရှင်ကုမာရ

၂၅ မိလိန္ဒပဉှာ

၃၀ ထေရဝါဒခရီးသည် (၂)

ကိုရင်ရွှေဖျိုင်း - နေနတ်သား

၃၃ နွေရာသီမှာ ရွာတဲ့မိုး ပြည့်သခင်

၃၈ ချမ်းသာအစစ်ကို ဝေငှခြင်း သထပ (ကျမ်းပြု)

၄၂ သာသနာပြုသူတို့၏ ဘဝမှတ်တမ်းများ (၅)

သန်းရွှေပိုင် (တမူး)

၄၅ ဆရာမြတ်၏ ကျေးဇူး

ဇာတ်လမ်း - ကက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)

ပန်းချီ - တင်ထွန်းထွန်း

၅၃ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ ဖူးပွင့်ဝေ

၅၇ မြန်မာနိုင်ငံရှိရာ ပါဠိစာပေသင်ကြားရေး

ဦးအောင်သိန်းညွှန့်

Traditional Pali Studies in Myanmar

**Trans: by U Aung Thein Nyunt**

၆၁ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း






# အောင်မင်္ဂလာ အရာတော်ဘုရားကြီး ၏ ဩဝါဒကထာ

"လူသည် တကယ်တမ်းရိုးသားသူဖြစ်ပါက မိမိအရည်အချင်းကို မိမိက သိပါ၏။

မိမိ၏အရည်အချင်းကို မိမိကမသိဘူးဆိုပါလျှင် မရိုးသားသူသော်လည်း ဖြစ်နိုင်၏။ မောဟာဂတိ လွှမ်းကဲသူသော်လည်း ဖြစ်နိုင်၏။

သို့မဟုတ်ပါက မည်သူမဆို မိမိ၏အရည်အချင်းကို မိမိကသိရမည်ပင်ဖြစ်၏။

အမှန်အားဖြင့် ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း လူသည် မရိုးမဖြောင့်သောအခါ၊ မောဟာဂတိ လွှမ်းကဲသောအခါ လောကဌ် မိမိနှင့် မထိုက်တန်သည့်အရာ ဘာမျှ မရှိဟု ထင်လေ၏။

ထိုအသယင်ကြောင့်ပင် ကိုယ့်ပွင့်လုံလုံမျှကြီးစိုးရာအသေသည် မငြိမ်းချမ်းဘဲရှိခြင်း ဖြစ်၏။"

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် ကျင်းပရခြင်းမှာ ထိုနေ့တွင် ဓမ္မစကြာ တရားတော်ကို မြတ်စွာဘုရားက ဟောကြားတော်မူသောကြောင့် ဖြစ်ပါသည်။

ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားရှင်သည် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါပါဠိတော်၌ ``ပဉ္စဝဂ္ဂိယကထာ'' အမည်ဖြင့် လာရှိသည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ``ဓမ္မစက္ကပဝတ္တနဝါရ'' အမည်ဖြင့် လာရှိသည်။ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌ ``ဓမ္မစက္ကပဝတ္တနသုတ္တ'' အမည်ဖြင့် လာရှိပါသည်။

ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ တရားတည်းဟူသော အသိစက်ကို ဖြစ်စေ လည်စေ တော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ [ဓမ္မစက္က=တရားတော်+ပဝတ္တန=ဖြစ်စေ၊ လည်စေခြင်း]

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၏။ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်ပါသည်။

ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါလျှင် လမ်းစဉ်မှား ``အစွန်းနှစ်ခု'' ကို ရှောင်ကြဉ်ရေး၊ မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်ကို ကျင့်သုံးရေးတို့ကို ညွှန်ကြားထားပြီး သစ္စာလေးပါးတရားကို သိမြင်စေရန် ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော သဘောတရားကို တွေ့မြင်နိုင်ပါသည်။

ဤကဲ့သို့ အနှစ်သာရပါရှိသော တရားဖြစ်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့က ဓမ္မစကြာ တရားတော်ကို အထူးပင် အာရုံစိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါသည်။ အမြို့မြို့ အနယ်နယ်၌ ဓမ္မစကြာအသင်းများဖွဲ့စည်းပြီး ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိပါသည်။

ဓမ္မစကြာအခါတော်နေ့၊ ဝါဆိုလပြည့်၏ ထူးခြားချက်များမှာ-

၁။ ဂေါတမဘုရားလောင်း ပဋိသန္ဓေနေသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၂။ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၃။ ဂေါတမဘုရားလောင်း ဓမ္မစကြာတရား စတင်ဟောတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၄။ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၅။ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၆။ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊

၇။ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊

၈။ ''ဧဟိဘိက္ခု''ဟူသော စကားကို စတင်ကြားရသောနေ့ဖြစ်၍ ထူးခြားခြင်း။

အထက်ပါ ဝိသေသအကြောင်းများကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့က ဤဝါဆိုလပြည့်နေ့၌ ကျောင်းကန်ဘုရားသို့ သွားရောက်၍ ဝါဆိုပန်းလှူခြင်း၊ ဝါဆိုသင်္ကန်းလှူဒါန်းခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြ၍ ''ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့''အဖြစ် ခေါ်ဆိုကြောင်း တင်ပြလိုက်ရပါသည်။



# မြင့်မြတ်သောစိတ်ထားဖြင့် ကြိုးစားဆောင်ရွက်ပါမှ အမျိုးဘာသာစည်ပင် သာယာပါမည်

လောကလူသားနှင့်ပတ်သက်၍ စိတ်ရင်းကောင်းနှင့်စိတ်ကောင်းရှိဖို့ လိုအပ်လှပါသည်။ စိတ်ရင်းကောင်း စိတ်ကောင်းရှိသူများသည် မမှန်ကန်သော အပြုအမူ အပြောအဆိုများကို ရှောင်ကြဉ်၍ ကောက်ကျစ်မှု၊ လိမ်လည်လှည့်ဖြားမှုတို့ကို လုံးဝမပြုလုပ်တတ်ကြသူများ ဖြစ်ကြပါသည်။

သို့သော် ပင်ကိုယ်စိတ်ရင်းက တရားမျှတမှုရှိနေသူဖြစ်စေကာမူ စိတ်ကိုစောင့်ကြည့် ထိန်းချုပ်မှု မပြုနိုင်လျှင် ရုတ်တရက် ပေါက်ကွဲကာ ဒေါသ၊ ဣဿာ၊ မစ္ဆရိယတို့၏ ဒဏ်ကို မခံနိုင်ကြပါချေ။ ပင်ရင်းစိတ်အခံ ကောင်းမွန်သည့်တိုင် လောဘ၊ ဒေါသတို့ ထကြွလှုပ်ယှက်သော မိမိ၏စိတ်အခြေအနေကို ဗုဒ္ဓဟောကြားထားသော သတိသမ္ပဇဉ်ဖြင့် ယှဉ်တွဲ၍ ဆောက်တည်နေအပ်လှပါသည်။

လောကတွင် မြင့်မြတ်သော စိတ်ထားရှိသူဖြစ်ဖို့အတွက် အမှားကို အမှန်သိတတ်သော (ယထာဘူတ)ဉာဏ်ရှိရန် အရေးကြီးပါသည်။ အမှားကို အမှားမှန်းမသိဘဲ အမှန်အဖြစ် သိနေမှုကို အမှားသိ(ဒိဋ္ဌိ)ဟု ဆိုပါသည်။

အချို့သည် အမှားကြီးမှန်း သိနေပါလျက် အခြေအနေအရ ယင်းအမှားကို လက်မလွှတ်ဘဲ ဆက်လက် မှားမြဲမှားနေကြသည်။ အများက အမှားဟု ထောက်ပြသော်လည်း ယင်းအမှားကို အမှန်မမြင်၊ ပြင်ဆင်ရန်လည်း စိတ်မကူးပေ။ မြင့်မြတ်သော စိတ်ထားရှိကြသူများသည်သာ အမှားကို ပြင်ဆင်ရန် စိတ်ဆန္ဒ ရှိကြပါသည်။

လောကလူသားစင်စစ် မှန်သမျှသည် မြင့်မြတ်သောစိတ်ထား မရှိမဖြစ် ရှိရမည် ဖြစ်သလို အများအတွက် အနစ်နာခံလိုသော စိတ်ကောင်းစိတ်မြတ်လည်း ရှိရမည်။ ကိုယ်ကျိုးစီးပွားအတွက် အနစ်နာခံခြင်း၊ အများအကျိုးအတွက် ပံ့ပိုးခြင်းဟူသော သဘောတရားကို မွေးမြူနိုင်ပါမှ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး ပြေပြစ်နိုင်ပါမည်။ ဆက်ဆံရေး မပြေပြစ်က မချောမွေ့နိုင်ပါချေ။

လောကလူသားများသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ မဆက်ဆံနိုင်သမျှ လောကသည် မငြိမ်းချမ်းနိုင်၊ ပူလောင်ဆူပွက်ပြီး အကျိုးပျက်သည် အထိ ဖြစ်ရတတ်သည်။ သို့အတွက် လောကလူသား ဟူသမျှ လူမှန်လျှင် မြင့်မြတ်သော စိတ်ကို ထားရပါမည်။

သံသရာနှင့် နှိုင်းယှဉ်ကြည့်သော် လူ့ဘဝဟူသည် ရေပွက်ပမာ ခဏတာ ကာလငယ်မျှသာ ဖြစ်ပါသည်။ နေသမျှအခိုက်အတန့်ကာလတစ်ခုအတွင်း၌-

- တစ်ဦးနှင့်တစ်ဦး နွေးနွေးထွေးထွေး ကြင်ကြင်နာနာ နေထိုင်သွားကြမှသာ
- အများကို မှားမှန်း ပိုင်းခြားသိမြင်ကြမှသာ
- အများကို စွန့်လွှတ် အမှန်အတိုင်း နေထိုင်သွားကြမှသာ
- သူတစ်ပါးအပေါ်လည်း အနစ်နာခံနိုင်မှသာ

သူတစ်ပါးအကျိုးကိုလည်း စွမ်းနိုင်သည့်ဘက်က သယ်ပိုးဆောင်ရွက်နိုင်မှသာ လူသားအချင်းချင်း ဆက်ဆံရေး ပြေပြစ်ချောမွေ့ပြီး နိုင်ငံအကျိုး ပြည်ရွာအကျိုး သည်ပိုးရာတွင် ချောမွေ့အောင်မြင်နိုင်ကြပါလိမ့်မည်။

မြင့်မြတ်သောစိတ်ထားရှိသူသည် မြင့်မားသော ဂုဏ်သိက္ခာ၌တည်ပြီး ကျက်သရေမင်္ဂလာအပေါင်း ပြည့်စုံပါမည်။

မြင့်မြတ်သောစိတ်ထား အသီးအပွင့်ဟူသမျှတို့သည် ခန္တီမေတ္တာ ဗလေန ဟု ဆိုသည့်အတိုင်း သည်းခံခြင်း မေတ္တာထားခြင်း အပေါ်၌ မူတည်ပါသည်။ ခန္တီ(သည်းခံခြင်း)၏ သဘောမှာ အဒေါသ အမျက်မထွက်ခြင်း၊ အဒေါသ၏အရုမှာ မေတ္တာဖြစ်ပါသည်။

အရာအားလုံးကို ခွင့်လွှတ်သီးခံခြင်း၊ မေတ္တာစေတနာထားခြင်းသည် အရာအားလုံးကို နားလည်ခြင်းပင် ဖြစ်ပါသည်။ လောကလူသားတစ်ယောက် သို့မဟုတ် တာဝန်ရှိသူတစ်ယောက်၊ ရပ်ရွာပြည်အကျိုး သည်ပိုးဆောင်ရွက်သူတစ်ယောက်အပေါ်၌ အဘက်ဘက်မှ ထိုးနှက်သော အကြောင်းအရာ များစွာရှိတတ်ပါသည်။ ထိုအရာများအားလုံးကို မေတ္တာစိတ်ဓာတ်ဖြင့် ခွင့်လွှတ်သည်းခံသောစိတ်ထား မွေးနိုင်ခြင်းသည် အောင်မြင်ခြင်း၏ အကြီးမားဆုံး အမြင့်မားဆုံး လျှို့ဝှက်ချက်တစ်ခု ဖြစ်ပါသည်။

"လောကီအစက်၊ လူတို့နှုတ်က ၊ မဟုတ်လည်းပြော ဟုတ်လည်းပြော၏" ဟူသော စကားအတိုင်း နှုတ်ကြောင့် အသီးသီးမှ ပြေပြစ်ချောမွေ့မှု မရှိသော ပေဖန်ပြောဆိုမှုများကို သီးခံနိုင်ခြင်းသည် အများကို အမှန်သိစေသော(ယထာဘူတ)ဉာဏ်ကို ရစေပါသည်။

ထို့ကြောင့် လောက လူ့ရဟန်း ဟူသမျှတို့သည် တစ်ဦးနှင့်တစ်ဦး နှစ်ဦးနှစ်ဖက် ခန္တီမေတ္တာ ဖက်ကြ၍ ကြိုးစားလုပ်ကြပါလျှင် ဤနိုင်ငံ ဤလူမျိုး ဤအမျိုးဘာသာသည် ကြီးပွားချမ်းသာ စည်ပင်သာယာပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ooooooooo

# ၂၀၁၆-ခုနှစ်၊ မေလ(၈)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဩဝါဒစရိယအဖွဲ့ဝင် ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တကုမာရ၏ ဩဝါဒကထာ

ဘုန်းကြီးက ဒီယနေ့ ဩဝါဒပေးရမဲ့ အစီအစဉ်ထဲမှာ မပါရှိပါဘူး။ ဒါပေမယ့် ညွှန်ကြားရေးမှူးချုပ်ကြီး ဦးခိုင်အောင်က မဟာန ဥက္ကဋ္ဌဆရာတော်ကြီး ဩဝါဒမိန့်ခွန်းပြောပြီးလျှင် ထေဩဥက္ကဋ္ဌဆရာတော်အနေနဲ့ နယ်စပ်နဲ့တောင်တန်းဒေသအကြောင်း အများသိရှိသဘောပေါက်အောင် ဩဝါဒမိန့်ခွန်းဖြည့်စွက်ပြောပေးပါ တောင်းပန်လို့ ဘုန်းကြီးက ပြောပေးရတာ ဖြစ်ပါတယ်။

နယ်စပ်နဲ့ တောင်တန်းဒေသဆိုတဲ့ ဘုန်းကြီးတို့အဖွဲ့ နာမည်ထဲက "နယ်စပ်"ဆိုတဲ့ စကားတစ်လုံးကပဲ အလွန်အရေးကြီးကြောင်း ပြောပါမယ်။ ဘုန်းကြီးတို့ နိုင်ငံရဲ့ ပတ်ဝန်းကျင်မှာ နိုင်ငံတွေ ရှိကြတယ်။ အဲဒီနိုင်ငံတွေနဲ့ ဘုန်းကြီးတို့နိုင်ငံနဲ့ နယ်ချင်းကစပ်နေတယ်။ သူ့နိုင်ငံထဲကို ကိုယ့်နိုင်ငံက နယ်မြေတွေပါမသွားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အလွန်အရေးကြီးတယ်။ ထို့အတူပဲ သူတို့နိုင်ငံတွေကလဲ သူတို့နိုင်ငံထဲကို ကျူးကျော် ဝင်ရောက်မလာနိုင်အောင် ကာကွယ်စောင့်ရှောက်ဖို့ အလေးအနက်ထားကြတယ်။ ဒီတော့ နှစ်နိုင်ငံ နယ်စပ်တွေဟာ အလွန်အရေးပါပြီး အလွန်သတိထားကြရတဲ့ နယ်မြေတွေဖြစ်တယ်။

ယနေ့ တိုးတက်တဲ့နိုင်ငံတိုင်းက သူတို့နိုင်ငံနယ်စပ်နဲ့ ကပ်နေတဲ့ အခြားနိုင်ငံနယ်မြေ

သံသရာနှင့် နှိုင်းယှဉ်ကြည့်သော် လူ့ဘဝဟူသည် ရေပွက်ပမာ ခဏတာ ကာလငယ်မျှသာ ဖြစ်ပါသည်။ နေသမျှအခိုက်အတန့်ကာလတစ်ခုအတွင်း၌-

- တစ်ဦးနှင့်တစ်ဦး နွေးနွေးထွေးထွေး ကြင်ကြင်နာနာ နေထိုင်သွားကြမှသာ
- အမှားကို မှားမှန်း ပိုင်းခြားသိမြင်ကြမှသာ
- အမှားကို စွန့်လျက် အမှန်အတိုင်း နေထိုင်သွားကြမှသာ
- သူတစ်ပါးအပေါ်လည်း အနစ်နာခံနိုင်မှသာ
- သူတစ်ပါးအကျိုးကိုလည်း စွမ်းနိုင်သည့်ဘက်က သယ်ပိုးဆောင်ရွက်နိုင်မှသာ လူသားအချင်းချင်း ဆက်ဆံရေး ပြေပြစ်ချောမွေ့ပြီး နိုင်ငံအကျိုး ပြည်ရွာအကျိုး သည်ပိုးရာတွင် ချောမွေ့အောင်မြင်နိုင်ကြပါလိမ့်မည်။

မြင့်မြတ်သောစိတ်ထားရှိသူသည် မြင့်မားသော ဂုဏ်သိက္ခာ၌တည်ပြီး ကျက်သရေမင်္ဂလာအပေါင်း ပြည့်စုံပါမည်။

မြင့်မြတ်သောစိတ်ထား အသီးအပွင့်ဟူသမျှတို့သည် ခန္တီမေတ္တာ ဗလေန ဟု ဆိုသည့်အတိုင်း သည်းခံခြင်း မေတ္တာထားခြင်း အပေါ်၌ မူတည်ပါသည်။ ခန္တီ(သည်းခံခြင်း)၏ သဘောမှာ အဒေါသ အမျက်မထွက်ခြင်း၊ အဒေါသ၏အရမှာ မေတ္တာဖြစ်ပါသည်။

အရာအားလုံးကို ခွင့်လွှတ်သီးခံခြင်း၊ မေတ္တာစေတနာထားခြင်းသည် အရာအားလုံးကို နားလည်ခြင်းပင် ဖြစ်ပါသည်။ လောကလူသားတစ်ယောက် သို့မဟုတ် တာဝန်ရှိသူတစ်ယောက်၊ ရပ်ရွာပြည်အကျိုး သည်ပိုးဆောင်ရွက်သူတစ်ယောက်အပေါ်၌ အဘက်ဘက်မှ ထိုးနှက်သော အကြောင်းအရာ များစွာရှိတတ်ပါသည်။ ထိုအရာများအားလုံးကို မေတ္တာစိတ်ဓာတ်ဖြင့် ခွင့်လွှတ်သည်းခံသောစိတ်ထား မွေးနိုင်ခြင်းသည် အောင်မြင်ခြင်း၏ အကြီးမားဆုံး အမြင့်မားဆုံး လျှို့ဝှက်ချက်တစ်ခု ဖြစ်ပါသည်။

"လောကီအစက်၊ လူတို့နှုတ်က ၊ မဟုတ်လည်းပြော ဟုတ်လည်းပြော၏" ဟူသော စကားအတိုင်း နူးညံ့သောအသီးသီးမှ ပြေပြစ်ချောမွေ့မှု မရှိသော ဝေဖန်ပြောဆိုမှုများကို သီးခံနိုင်ခြင်းသည် အမှားကို အမှန်သိစေသော(ယထာဘူတ)ဉာဏ်ကို ရစေပါသည်။

ထို့ကြောင့် လောက လူ့ရဟန်း ဟူသမျှတို့သည် တစ်ဦးနှင့်တစ်ဦး နှစ်ဦးနှစ်ဖက် ခန္တီမေတ္တာ ဖက်ကြ၍ ကြိုးစားလုပ်ကြပါလျှင် ဤနိုင်ငံ ဤလူမျိုး ဤအမျိုးဘာသာသည် ကြီးပွားချမ်းသာ စည်ပင်သာယာပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

oooooooooo

# ၂၀၁၆–ခုနှစ်၊ မေလ(၈)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဩဝါဒစရိယအဖွဲ့ဝင် ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တကုမာရ၏ ဩဝါဒကထာ

ဘုန်းကြီးက ဒီယနေ့ ဩဝါဒပေးရမဲ့ အစီအစဉ်ထဲမှာ မပါရှိပါဘူး။ ဒါပေမယ့် ညွှန်ကြားရေးမှူးချုပ်ကြီး ဦးခိုင်အောင်က မဟာန ဥက္ကဋ္ဌဆရာတော်ကြီး ဩဝါဒမိန့်ခွန်းပြောပြီးလျှင် ထေညဥက္ကဋ္ဌဆရာတော်အနေနဲ့ နယ်စပ်နဲ့တောင်တန်းဒေသအကြောင်း အများသိရှိသဘောပေါက်အောင် ဩဝါဒမိန့်ခွန်းဖြည့်စွက်ပြောပေးပါ တောင်းပန်လို့ ဘုန်းကြီးက ပြောပေးရတာ ဖြစ်ပါတယ်။

နယ်စပ်နဲ့ တောင်တန်းဒေသဆိုတဲ့ ဘုန်းကြီးတို့အဖွဲ့ နာမည်ထဲက "နယ်စပ်"ဆိုတဲ့ စကားတစ်လုံးကပဲ အလွန်အရေးကြီးကြောင်း ပြောပါမယ်။ ဘုန်းကြီးတို့ နိုင်ငံရဲ့ ပတ်ဝန်းကျင်မှာ နိုင်ငံတွေ ရှိကြတယ်။ အဲဒီနိုင်ငံတွေနဲ့ ဘုန်းကြီးတို့နိုင်ငံနဲ့ နယ်ချင်းကပ်နေတယ်။ သူ့နိုင်ငံထဲကို ကိုယ့်နိုင်ငံက နယ်မြေတွေပါမသွားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အလွန်အရေးကြီးတယ်။ ထို့အတူပဲ သူတို့နိုင်ငံတွေကလဲ သူတို့နိုင်ငံထဲကို ကျူးကျော် ဝင်ရောက်မလာနိုင်အောင် ကာကွယ်စောင့်ရှောက်ဖို့ အလေးအနက်ထားကြတယ်။ ဒီတော့ နှစ်နိုင်ငံ နယ်စပ်တွေဟာ အလွန်အရေးပါပြီး အလွန်သတိထားကြရတဲ့ နယ်မြေတွေဖြစ်တယ်။

ယနေ့ တိုးတက်တဲ့နိုင်ငံတိုင်းက သူတို့နိုင်ငံနယ်စပ်နဲ့ ကပ်နေတဲ့ အခြားနိုင်ငံနယ်မြေ

ထဲမှာ(Buffer)ဆိုတဲ့ ကြားခံနယ်မြေတစ်ခု ဖန်တီးထားတတ်ကြတယ်။ သူတို့နိုင်ငံထဲကို ရုတ်တရက်ကျူးကျော်ဝင်ရောက်တိုက်ခိုက်လို့ မရအောင်ပေါ့။ ဘယ်လိုထားသလဲဆိုလျှင် သူတို့သြဇာခံ လူတွေ၊ အဖွဲ့တွေ၊ အသင်းတော်တွေ၊ တိုင်းရင်းသားတွေ၊ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေ၊ စီးပွားရေးသမားတွေ သိမ်းသွင်းထားကြတယ်။ အထောက် အပံ့အကူအညီတွေ လိုသလိုပေးတယ်။ ကိုယ့်မြန်မာငွေကို မသုံးရဘဲ သူတို့ငွေကိုသာ သုံးစွဲ ရတဲ့အထိရှိတယ်။

သူတို့တွေက နယ်စပ်မှာ သူတို့သြဇာခံ သူတို့လိုလားတဲ့(Buffer)ဆိုတဲ့ ကြားခံအဖွဲ့ အစည်းတွေ တဖြည်းဖြည်း ကျယ်ပြန့်သထက် ကျယ်ပြန့်လာလျှင် ဘုန်းကြီးတို့နိုင်ငံဟာ ဘယ်လောက်အန္တရာယ် ကြီးကျယ်လာမယ်ဆိုတာ ဘုန်းကြီးပြောဖို့ မလိုပါဘူး။ နိုင်ငံ နယ်နိမိတ် ကျဉ်းမြောင်းသထက် ကျဉ်းမြောင်းလာမယ်။ ဘုန်းကြီးတို့လူမျိုးတွေဟာ သူတို့လူမျိုးတွေ ဖြစ်ကုန်တယ်။ ဒါကြောင့် ဘုန်းကြီးတို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ နယ်စပ်တောင်တန်း ဒေသ ထေရဝါဒဗုဒ္ဓသာသနာပြုဆိုပြီးတော့ ရဟန်းတော်လေးတွေ စေလွှတ်ပြီး သာသနာပြု စေနိုင်းရတယ်။ ဗုဒ္ဓဘာသာမရှိလို့ အခြားဘာသာတွေ၊ အခြားလူမျိုးလိုလားသူတွေသာ ရှိလျှင်၊ အခြားနိုင်ငံရဲ့ Buffer တွေ ဖြစ်သွားမယ်။ ဒါကြောင့် နယ်စပ်နဲ့တောင်တန်းဒေသမှာ သာသနာပြုကျောင်းတွေ တည်ဆောက်ပြီး ရဟန်းတော်လေးတွေ ထားရတယ်။

ဒီရဟန်းတော်လေးတွေဟာ မမြင်နိုင်တဲ့၊ မပြောနိုင်တဲ့ အသက်အန္တရာယ်တွေရှိတယ်။ အချို့ ရဟန်းတော်လေးတွေလဲသိတယ်။ သိလျက် တာဝန်ကျေပွန်အောင် ထမ်းဆောင်တယ်။ အဲဒါမှ တကယ့်သာသနာပြုလို့ ဆိုသင့်တယ်။

သူတို့မှာ တာဝန်သုံးရပ်ရှိတယ်။ (၁)ဗုဒ္ဓသာသနာပြုတာဝန်ဖြစ်တယ်။ ဒါပေမဲ့ အဲဒီ တာဝန်လုံးဝမဆောင်ရွက်လို့ မရတဲ့နေရာတွေရှိတယ်။ မရပေမဲ့ အတတ်နိုင်ဆုံး မှေးပြီးထား ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ (၂)အဲဒီကိုယ်တော်လေးတွေမှ မနေမရှိလို့ ကင်းကွာသွားလျှင် အနည်းဆုံး အဲဒီနယ်မြေက ဘုရားသခင်နယ်မြေ ဖြစ်သွားမယ်။ ဒါကြောင့် နယ်မြေ/နယ်စပ်

ကာကွယ်ထိန်းသိမ်းရေးအတွက် အသက်စွန့်ရအရဲစွန့်ပြီး ထားရတယ်။ (၃)ဒီမြို့ကြီးတွေမှာသာ ကြီးကြီးကျယ်ကျယ်လုပ်ပြီး ထေရဝါဒဗုဒ္ဓသာသနာနဲ့ လေလုံးကြီးပြီး ဟာစ်အော်နေကြတယ်။ အဲဒီနယ်စပ်တွေမှာ ထေရဝါဒလည်း နားမလည်ဘူး၊ ဗုဒ္ဓဘာသာလည်း နားမလည်ဘူး။ သူတို့ နားလည်တာက ဗမာဝါဒလိုပဲ နားလည်တယ်။ သူတို့သိမ်းသွင်းထားတာဟာ အဲဒီကောင်တွေ ရောက်လာလျှင် မင်းတို့ကို ဗမာဝါဒတွေ ဟောပြောလိမ့်မယ်။ အဲဒါကို မင်းတို့ ယုံကြည် လက်ခံလျှင် ဗမာတွေက မင်းတို့ကို တစ်သက်လုံး အနိုင်ကျင့်ပြီး ကျွန်လို ခိုင်းစေလိမ့်မယ် စတဲ့ ဗမာမုန်းတီးရေးဝါဒ၊ ဗမာအဆိုးမြင်ဝါဒတွေ သွင်းထားတယ်။ အဲဒီ အန္တရာယ်တွေထဲက သူတို့သိမ်းသွင်းထားသလို မဟုတ်ကြောင်း၊ သူတို့နဲ့ ဗမာဆိုတာ တစ်မြေ ထဲနေ တစ်ရေထဲသောက်၊ တစ်မိထဲပေါက်ကြတဲ့ တစ်ဆွေတစ်မျိုးတွေပဲလို့ မြင်အောင်၊ ခင်အောင် တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် ဗမာမုန်းတီးရေးဝါဒ ပျက်ပြယ်အောင် ကြိုးပမ်း ကြရတယ်။ အဲဒီတာဝန်တွေကို နယ်စပ်နဲ့ တောင်တန်းဒေသ သာသနာပြုရဟန်းတော်တွေ၊ အသက်စွန့် အရဲစွန့် ထမ်းဆောင်နေကြရတယ်ဆိုတာ ဘယ်သူတွေ သတိပြုထားမိပါသလဲ?

ယခုဆို သာသနာပြုဘုန်းကြီးကျောင်းပေါင်း(၅၆၀)ခန့်ရှိတယ်။ သီလရှင်ကျောင်း(၄၀)ခန့် ရှိတယ်။ ပေါင်းလိုက်လျှင် (၆၀၀)ခန့်ရှိတယ်။ ဒါပေမဲ့ ဒီစာရင်းအတိုင်း အတိအကျပြောလို့ မရဘူး။ ကချင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်တယ်။ (၉၁)ပါး ထွက်ပြေးတယ်။ ဘုန်းကြီး တို့က တစ်နှစ်ထဲ သင်တန်း(၂)ကြိမ်ခေါ် သင်တန်းပေးပြီး (၄၀)ကျော်(၄၀)ကျော် (၂)ခါ ပို့ပေးတယ်။ (၈၀)ကျော်ပေါ့၊ ၃၄-ကျောင်းထွက်ပြေးပြန်တယ်။

ယခု လောက်ကိုင်မှာ တိုက်ပွဲတွေဖြစ်ပြန်တယ်။ လောက်ကိုင်မှာ (၁၆)ပါး၊ ကုန်းကြမ်း မှာ(၆)ပါး၊ မော်ထိုက်မှာ(၂)ပါး ထွက်ပြေးရတယ်။ ကလေးက(၄၅)ယောက်ပါတယ်။ ဗျူဟာ က စောင့်ရှောက်ပြီး လားရှိုးပို့ထားရတယ်။ အဲဒီလောက် ဘုန်းကြီးနဲ့ မိဘမဲ့ကျောင်းသား၊ ဒကာသည်တွေကို ဘယ်ကျောင်းကလက်ခံကျွေးမွေးနိုင်မလဲ၊ ကိုယ်တော်လေးတွေဟာ တကယ့် အသက်နဲ့လဲပြီး ဆင်းဆင်းရဲရဲ သာသနာပြုကြရတယ်။ ယနေ့ စပယ်ပန်းတွေ ဝေဝေဆာဆာ

ချိတ်ဆွဲပြီး ပန်းခင်းထားတဲ့ ပလ္လင်နဲ့ ပန်းမြိုင်လယ်ထဲက သာသနာပြုဆရာတော်တွေ၊ အဲဒီ လိုမျိုး အသက်လုပြီး ဆင်းပြေးရဘူးသလား? အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်။ အမဲသား ထဲမှာ အရိုးနားကပ်နေတဲ့ အသားက ပိုချိုတယ်တဲ့၊ အဲဒါပဲတွက်တယ်။ ဗုဒ္ဓဘာသာအရိုးစွဲနေတဲ့ သူတွေကို ဗုဒ္ဓဘာသာတရားဟောပေးရတာ သိပ်ချို သိပ်အရသာရှိတယ်။ တောင်တန်းသာသနာ ပြု ကိုယ်တော်တွေကြတော့ အဲဒီအရသာမျိုး မရနိုင်ဘူး။ အသက်လုပြေးနေရ၊ ငတ်ပြတ်နေရ တယ်၊ အလွန်ဆင်းရဲတယ်၊ ဒါကြောင့် သာသနာထွန်းကားပြန့်ပွားရေးဌာနကရော၊ သာသနာ နုဂ္ဂဟအသင်းကရော ထောက်ပံ့ကြ ပံ့ပိုးကြရတယ်။ ဒါတောင် ပြည့်စုံအောင် လိုသလောက် မထောက်ပံ့နိုင်ဘူး။ သဘာဝဘေးဒဏ်၊ ဘာသာရေး၊ လူမျိုးရေးဘေးဒဏ်နဲ့ အခြားဘေးဒဏ် အမျိုးမျိုး အများကြီး ကြုံတိုးလျက်ရှိနေတယ်။

ကန်ပက်လက်မြို့နယ်၊ မုန်းချောင်းမှာဆိုရင် တံတား(၁၇)စင်း ရေထဲမျောသွားတယ်။ ဘုန်းကြီးကျောင်းတွေ ရေထဲမျောသွားတယ်။ ဟားခါးမှာလဲ အတူတူပဲ၊ အဲဒီကျောင်းတွေ ပြန်တည်ဖို့ လုပ်ဆောင်နေရတာ။ တာဝန်ကြီးပါတယ်။ ခရာခဲဆစ် တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ အခုဆိုရင် လောက်ကိုင်မှာ အခြေအနေကောင်းလို့ သာသနာပြုကိုယ်တော် လေးတွေ ပြန်ထားသော်လည်း လောက်ကိုင်မှာ နေနိုင်တယ်။ ကုန်းကြမ်းမှာ နေနိုင်တယ်။ မော်ထိုက်သွားလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လောက်ကိုင်ကနေ မော်ထိုက်ကို ဖြတ်သွား လို့ရရင်(၄)နာရီနဲ့ သွားလို့ရပါတယ်။ ဒါပေမယ့် အဲဒီနယ်မြေကို ဖြတ်သန်းသွားလို့မရဘူး။ ကိုယ့်နိုင်ငံထဲမှာ ကိုယ့်နယ်မြေဆိုပေမယ့် ခုနပြောသလို သူတို့က(Buffer)လုပ်ထားတယ်။ ကြားခံနယ်မြေလုပ်ထားတယ်။ သူတို့ အလိုတော်ရိတွေပဲ ထားတယ်။ ထားတဲ့အခါကျတော့ ဖြတ်သန်းခွင့်မပေးဘူး။ မပေးတော့ မော်ထိုက်ကိုသွားမယ်ဆိုရင် လောက်ကိုင်ကနေ ကုန်းကြမ်းကို ပြန်ဆင်းရပါတယ်။ ကားရရင်တော့ မနက်ပိုင်းရောက်တယ်။ ကားမရရင်တော့ ညနေမှရောက်တယ်။ ကုန်းကြမ်းမှာ တစ်ညအိပ်ပြီးတော့ နောက်နေ့ မော်ထိုက်ကိုသွားရတယ်။ (၄)နာရီလောက်ကလေး သွားမယ့်ခရီးကို (၂)ရက်တိတိ သွားရတယ်။ အဲဒီလို သွားရတာ

တောင်မှ မော်ထိုက်မှာ တာဝန်ကျတဲ့ ကိုယ်တော်(၂)ပါးက မသွားရဲလို့၊ လောက်ကိုင်မှာပဲ ဝါဆိုခွင့်ပြုရတယ်။ မော်ထိုက်မှာတာဝန်ကျတဲ့ သီလရှင်ကျောင်းကလည်း မသွားရဲလို့ လောက်ကိုင်မှာပဲ ဝါဆိုခွင့်ပြုရတယ်။ အဲဒါ ဘုန်းကြီးတို့ရဲ့ နယ်စပ်နဲ့ တောင်တန်းဒေသတွေမှာဆိုရင် အရမ်းအန္တရာယ်များပါတယ်။

ဟိုတုန်းက ဘုန်းကြီးတို့ သာသနာပြုတွေ စတင်ကာစကဆိုရင် အဲဒီနယ်မြေတွေမှာ ဘုရားသခင်နယ်မြေဆိုပြီး၊ လက်ဝါးကပ်တိုင်ကြီးတွေ ဆောက်ထားတယ်။ ကိုယ့်နိုင်ငံ ကိုယ့်မြေထဲမှာကို ဘုရားသခင်နယ်မြေ လုပ်ထားတာ။ သာသနာပြုကိုယ်တော်လေးတွေ တိုးတက်လာလို့ အားကောင်းလာတဲ့အခါကျတော့ အဲဒါတွေကို ကန့်ကွက်တဲ့အတွက် ပြန်လည်ဖြုတ်ပယ်ကြတယ်။ ယခုအခါ အဲဒါတွေကို ပြန်လည်စိုက်ထူကြတယ်။ အဲဒါကို လက္ခဏာအနေဖြင့် ပြောရရင် ကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ ဒါကြောင့်မို့ အဲဒီဟာတွေကို ဘုန်းကြီးတို့ သာသနာနုဂ္ဂဟအသင်းကြီးရော၊ ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့ကြီးရော အများကြီး ဒါတွေကို သိနားလည်ပြီး အများကြီး ပံ့ပိုးကူညီဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ဘုန်းကြီးတို့ နိုင်ငံဟာ ဘုရားသခင်နယ်မြေဆိုပြီးတော့ လက်ဝါးကပ်တိုင် စိုက်ချင်တိုင်းစိုက်လို့ရတာ။ အမေရိကန်နိုင်ငံမှာဆို ကိုယ့်အိမ်ရှေ့မှာတောင် ကိုယ့်လက်ဝါးကပ်တိုင် စိုက်လို့မရဘူး။ ဘုရားရှိခိုးကျောင်းကလွဲလို့ ဘယ်နေရာမှ လက်ဝါးကပ်တိုင် စိုက်လို့မရဘူး။ စိုက်ခွင့်မရှိဘူး။ စိုက်တာနဲ့ လာပြီး ချက်ချင်းဖျက်သိမ်းတာပဲ။ ကိုယ့်နိုင်ငံကျတော့ ထင်သလိုလုပ်နေကြတာ။ အဲဒါ့လောက် သူတို့ဘာသာ ထွန်းကားတဲ့ သူတို့နိုင်ငံမှာတောင် နိုင်ငံဥပဒေအရ ကိုယ့်အိမ်ရှေ့မှာ လက်ဝါးကပ်တိုင် စိုက်ထူလို့မရဘူး။ ဘုရားသခင်နယ်မြေလုပ်လို့မရဘူး။ မရပေမယ့် ကျုပ်တို့နိုင်ငံထဲကျတော့ ဘုရားသခင်နယ်မြေလုပ်နေကြတာ။ ဒါတွေဟာ ခုနပြောသလို ဘုန်းကြီးတို့ ထေရဝါဒတောင်တန်းသာသနာပြုကိုယ်တော်လေးတွေ ရင်ဆိုင်ယှဉ်ပြိုင်ပြီး အသက်ကိုလုပြီးတော့ သာသနာပြုနေကြတာ။ အဲဒါကြောင့်မို့လို့ ယနေ့ ဘုန်းကြီးတို့က (၅၆၀)လို့ မပြောနိုင်ဘူး။ ထွက်ပြေးတဲ့ ကျောင်းကပြေး၊ ပျက်တဲ့ကျောင်းတွေက ပျက်၊

ဖျက်သိမ်းတဲ့ကျောင်းတွေက ဖျက်သိမ်း၊ မသွားတဲ့ပုဂ္ဂိုလ်ကလည်း မသွားတော့ အတိအကျ ဘယ်လောက်ဆိုတာ သေသေချာချာပြောလို့မရပါဘူး။ ဒါကို ဘာလို့ ဘုန်းကြီးပြောနေရလဲဆိုရင် ဒီနေ့ သာသနာနုဂ္ဂဟအသင်းကြီးအနေနဲ့ဆိုရင် ဒီနယ်စပ်နှင့်တောင်တန်းဒေသမှာ ဘယ်လောက် လိုအပ်နေတယ်ဆိုတာကို သိစေချင်တယ်။ ညွန့်ချုပ်ကြီး အနေနဲ့လည်း ဒါကိုသိစေချင်တယ်။ သိစေချင်လို့ ပြောစေချင်လို့ ပြောပေးတာပါ။

နောက်တစ်ခုက ဒီမိုကရေစီနိုင်ငံရယ်လို့ ဖြစ်လာတဲ့အခါကျတော့ ဘုန်းကြီးကြုံတင်ပြီး ပြောခဲ့တဲ့ မိန့်ခွန်းတွေ အများကြီးရှိပါတယ်။ အစိုးရက ဗုဒ္ဓဘာသာကိုပဲ တစ်ဖက်သတ်အားပေး တယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ ဌာနကြီးတစ်ခု ဖွင့်လှစ်ပေးရတယ်။ အဲဒီလို ပြောစရာတွေ ထောက်ကွက်တွေ ဖြစ်လာတယ်။ အဲဒါဖြစ်လာတဲ့အတွက်ကြောင့်မို့ သူတို့မှာလည်း သူတို့ရဲ့ အသင်းတော်တွေရှိတယ်။ သူတို့ အသင်းတော်တွေက ထောက်ပံ့ပြီး၊ သူတို့အသင်းတော်တွေနဲ့ သူတို့ သာသနာပြုကြတာပဲ။ ဒီမှာလည်း ကိုယ့်အသင်းနဲ့ကိုယ် သာသနာပြုတာပဲ။ ဒါဘာမှ ပြောစရာမလို။ အစိုးရနဲ့ ဘာမှပတ်သက်စရာ၊ အစိုးရကို အပြစ်တင်စရာ ပြောစရာမလို။ ဒီလိုချေပချက်မျိုးကို ချေပနိုင်ဖို့အတွက် ဒီသာသနာနုဂ္ဂဟအသင်းကြီးကို ထားရတာ ဖြစ်တယ်။

ဒါကြောင့်မို့ ဒီနေ့ သာသနာနုဂ္ဂဟအသင်းကြီးက နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုနေတဲ့ ရဟန်းတော်လေးတွေ၊ ဒီလိုပုဂ္ဂိုလ်တွေနဲ့ ကျောချင်းကပ် ရင်ချင်းအပ်ပြီးတော့၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုပြီးတော့ သာသနာပြုနိုင်ကြဖို့။ အဲဒါတွေကိုလည်း အာရုံစိုက် နိုင်ကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့ ဘုန်းကြီး အချုပ်အားဖြင့် ပြောရရင် နယ်စပ်နှင့် တောင်တန်းဒေသမှာ သာသနာပြုတာဝန်ထမ်းဆောင်နေကြတဲ့ တစ်နည်းပြောရရင်(Buffer) အဖြစ်နဲ့ ကျုပ်တို့ရဲ့ နယ်စပ်မှာ တာဝန်ယူထားကြတဲ့ ဗမာမုန်းတီးရေး ချေဖျက်ပေးနေတဲ့ သာသနာပြုကိုယ်တော်လေးတွေနဲ့ ပတ်သက်ပြီးတော့ သာသနာပြုအသင်းကြီးဟာ အမြဲတမ်း အမှီသဟဲဖြစ်ကာ သာသနာပြုနိုင်ကြပါစေကြောင်း ဘုန်းကြီးအနေနဲ့ ဆုတောင်းရင်း ဒီမှာပဲ ဩဝါဒနိဂုံးချုပ်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပပြုလုပ်သော - ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များ သင်တန်း အမှတ်စဉ် (၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံ ပညာပေးသင်တန်း အမှတ်စဉ်(၁၃)ဖွင့်ပွဲအခမ်းအနား၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးမင်းထွန်း၏ သာသနာရေးဆိုင်ရာလျှောက်ထားလွှာ

[၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်၊ ၂၀၁၆-ခုနှစ်၊ မေလ(၁၆)ရက်၊ တနင်္လာနေ့]

**ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်၊ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား-**

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းအမှတ်စဉ်(၁၃)အခမ်းအနားကို ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ သင်တန်းနည်းပြဆရာတော်များနှင့် သင်တန်းသား သံဃာတော်အရှင်သူမြတ်တို့အား စုံညီစွာဖူးတွေ့ရသဖြင့် အတိုင်းမသိဝမ်းသာ ပီတိဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား...**

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်မှ တောင်တန်းသာသနာပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ သာသနာပြုလုပ်ငန်းဆိုင်ရာ လျာထားသတ်မှတ်ချက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၃-၄-၁၉၉၄ ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ပဉ္စမအကြိမ် အစည်းအဝေးမှ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ စည်းမျဉ်းကို အတည်ပြု၍ နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် ဆရာဒကာညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ နိုင်ငံတော်မှလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘာသာတရားများကို

လွှတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး အညီအမျှ ရရှိလျက် ရှိပါသည်ဘုရား။

ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ်(၄၈)ဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကို ထုတ်ပြန်လိုက်သည့်အတွက် မိမိကြိုက်နှစ်သက်ရာဘာသာကို မိမိတို့သဘောကျလက်ခံမှသာ ဘာသာဝင်အဖြစ် ခံယူကြမည်ဖြစ်ပါသည်ဘုရား။ ဤဥပဒေမထုတ်ပြန်ခင်အချိန်က အခြားဘာသာဝင်များသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းမည်ဆိုပါက ဆရာတော်များထံမှ သရဏဂုံတည်ပြီး သြဝါဒခံယူခြင်းဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် အသိအမှတ်ပြုထားပါသည်ဘုရား။ ယခုအခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၏ အခန်း(၃)၊ အပိုဒ်(၇)တွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် လွတ်လပ်သော သဘောဆန္ဒအရ လျှောက်ထားခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန် ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းခြင်း၊ တွေ့ဆုံမေးမြန်းသိရှိချက်ကို မှတ်တမ်းတင်ပြီး ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက လေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀-ထက် မပိုသောကာလကို သတ်မှတ်ပေးရခြင်း၊ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် နောက်ထပ်ရပ်ပေါင်း ၉၀-ထက် မပိုသောကာလအထိ တိုးမြှင့်ပေးနိုင်သည်ဟု ဖော်ပြပါရှိသည့်အတွက် အခြားဘာသာဝင်များအနေဖြင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းမည်ဆိုပါက ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား...**

နယ်စပ်နှင့်တောင်တန်းဒေသများရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော သုခ ပေးဆောင်နိုင်ရန် မှန်ကန်၍ လက်တွေ့ကျသော ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို တစ်တောဝင် တစ်တောင်တက် ဟောပြောပြသနိုင်သည့် သာသနာ့အာဇာနည်ရဟန်းတော်များ လိုအပ်သောကြောင့် သာသနာပြုရဟန်းတော်များ သင်တန်းကို နှစ်စဉ်ဖွင့်လှစ်လျက်ရှိရာ ယခုဆိုလျှင် (၂၆)ကြိမ်မြောက် ရောက်ရှိပြီ ဖြစ်ပါသည်ဘုရား။

ယခုသင်တန်းတွင် ထေရဝါဒဗုဒ္ဓသာသနာ၊ ဘုရားလောင်းဝါဒလမ်းစဉ်၊ သာသနာပြုအခြေခံ ကိုယ်ကျင့်တရား၊ သာသနာပြုနည်းသော့ချက်များ၊ အခြေခံဘာသာသာသနာပြန့်ပွားရေးနည်းပညာ၊ သမိုင်းဝင်သာသနာပြုသူရဲကောင်း၊ နိုင်ငံတကာ ဘာသာရေး အခြေအနေ၊

မြန်မာနိုင်ငံဘာသာ သာသနာဆိုင်ရာကျင့်သုံးမှုအခြေအနေများ၊ တောင်တန်းသာသနာပြုသမိုင်းနှင့် တိုင်းရင်းသားဖွံ့ဖြိုးရေးဗုဒ္ဓဘာသာရပ်များကို သင်ကြားမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား…**

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ပထမဦးဆုံး ဆောင်ရွက်တော်မူခဲ့သလို အရှင်ဘုရားတို့လည်း ဘုရားရှင်၏ လမ်းညွှန်ခဲ့သည့်အတိုင်း မိမိတာဝန်ကျရာ သာသနာပြုဌာနများတွင် သာသနာ့စိတ်ဓာတ်ပြည့်ဝစွာဖြင့် သာသနာတော်တည်တံ့ပြန့်ပွားအောင် စွမ်းစွမ်းတမံကြိုးစား၍ သာသနာ့တာဝန်ကို ထမ်းဆောင်နေသည်ကို သိရှိရပါသဖြင့် အလွန့်ပင်အားရကျေနပ်မိပါသည် အရှင်ဘုရား။ တပည့်တော်တို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ထေရဝါဒဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့် လမ်းညွှန်မှုတို့ကို ခံယူ၍ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဒေသအနှံ့အပြားတွင် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါသည်ဘုရား။

သာသနာပြုရဟန်းတော်များသည် ဒေသအသီးသီးတွင် သာသနာပြုလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ကြသည့်အခါ ဒေသခံပြည်သူလူထုနှင့် နီးစပ်မှုရှိစေရန်၊ သာသနာပြုလုပ်ငန်းအောင်မြင်ရေးတွင် အထောက်အကူ ဖြစ်စေရန်၊ ဒေသတွင် ပေါက်ရောက်လျက်ရှိသော ဆေးဖက်ဝင်အပင်များကို ဝိနည်းတော်နှင့်အညီ အသုံးပြုတတ်စေရန်၊ ကိုယ်တိုင်ကလည်း ကျန်းမာစွာ သာသနာပြုနိုင်စေရန်၊ ရည်ရွယ်ချက်များ ထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ လာရောက်၍ တိုင်းရင်းဆေးပညာသင်တန်းကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားသည် ဂိလာနရဟန်းကို ပြုစုလုပ်ကျွေးရန် သင့်လျော်သော ရဟန်းအမျိုးအစားကိုလည်း ဝိနည်းတော်နှင့်အညီ ခွင့်ပြုခဲ့ကြောင်း ထိုသူနာပြုရဟန်းသည် ဆေးကိုစီရင်နိုင်စွမ်းရှိခြင်း၊ မသင့်သော ဆေးကိုပယ်၍ သင့်သောဆေးကို ဆက်ကပ်ခြင်း၊ ပစ္စည်းလာဘ်လာဘကို မမျှော်လင့်ဘဲ မေတ္တာရှေ့ထား၍ ပြုစုခြင်း၊ သူနာ၏ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ အန်ဖတ်တို့ကို စွန့်ပစ်ရန် မစက်ဆုပ် မရွံရှာခြင်းနှင့် သူနာအား အချိန်အခါအလျောက်တရားစကားဖြင့် ဟောပြောနိုင်စွမ်းရှိခြင်းစသည့် အင်္ဂါ ၅-ပါးနှင့် ပြည့်စုံစွာလိုအပ်ကြောင်း၊

ဝိနည်း၊ မဟာဝါပါဠိတော်၌ ဟောကြားခဲ့သည်ကိုလည်း သိရှိမှတ်သားရပါသည်ဘုရား။

တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားမှာ ရာသီအလိုက် ဖြစ်တတ်သော ရောဂါများအကြောင်း၊ ဒေသပေါက် ဆေးဖက်ဝင်အပင်များနှင့် အသုံးဝင်ပုံများ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့် ဘာသာရပ်များကို ဤသင်တန်းတွင် ရဟန်းတော်များအား သင်ကြားပေးမည်ဖြစ်ကြောင်း သိရပါသည်ဘုရား။

သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးသူငယ်များအား ပညာသင်ကြားပေးခြင်းသည် မည်းရုံးရေးလက်နက်ဖြစ်ပါသည် ဘုရား။ သင်ကြားပို့ချရာတွင် အထောက်အကူပြုစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ပညာရှင်များမှလည်း ဘုန်းတော်ကြီးသင်ပညာရေးစနစ် (Monastic Education System)နှင့် အပြည်ပြည်ဆိုင်ရာ ပညာရေးစနစ် (International Education System)ဟန်ချက်ညီပေါင်းစပ်နိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများက အခြေခံပညာရေးအဆင့် စာသင်ကြားပုံ၊ သင်ကြားနည်းများကို လာရောက်သင်ကြားပေးမည် ဖြစ်ပါသည်။ ဒါမှ တာဝန်ကျရာ သာသနာပြုဌာနများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား . . .

နိဂုံးချုပ်အနေဖြင့် သင်တန်းသားရဟန်းတော်များ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သင်တန်းပြီးမြောက်ဆုံးခန်းတိုင်သည်အထိ သင်တန်းနည်းပြဆရာများက ပို့ချသင်ကြားပေးသော နည်းစနစ်များကို နာယူမှတ်သား ကြိုးစားသင်ယူတော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။ တောင်တန်းနှင့် နယ်စပ်ဒေသများမှ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး သိရှိကိုးကွယ်ခွင့်ရကြပြီး သာသနာရေး ယုံကြည်ချက်များ ရရှိကာ ထိုမှတစ်ဆင့် တိုင်းရင်းသားအားလုံး အကျင့်သီလ တူညီမျှကြပြီး စိတ်တူကိုယ်တူ စည်းလုံးညီညွတ်၍ အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရေး ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

# ကိုယ့်အလုပ်ဆိုတာ



✤ ရဟန်းလေးနငယ်
စာပေနယ် သင်ယူဆဲ။
လူ့နယ်ပယ် ပါတီဆွဲ
မှိုင်းမိရင်လွဲ။

✤ ရောင်သွေးစုံတဲ့ ဗဟုဝါဒီ
ယုံမိပြီ ဆွဲဆောင်နှံ့။
ဥပဒေနဲ့မကင်းလွတ်ရင်
ယွင်းချွတ်နယ်ထဲ။

✤ ပရိယတ်နဲ့ပဋိပတ်
ကျင့်အပ်တဲ့ ကိုယ့်တာဝန်။
တာဝန်ကိုသွေဖည်လွဲရင်တော့
လွဲပေါ့နယ်မွန်။
ယနေ့ခေတ် ဖြစ်စဉ်ဝယ်...
အသင်းအဖွဲ့တွေ ရောင်စုံကြဲ။
စိတ်ကူးတွေ မလွဲလိုက်ပါနဲ့
စာတွေသင် စာတွေချနင့်
တရားပြ လုပ်ငန်းစဉ်ကို
တွင်တွင်သာ စိတ်မှာမြှုပ်လို့
ကိုယ့်အလုပ် ကိုယ်သာလုပ်ကြလျှင်...
ကောင်းလိမ့်မလွဲ။ ။

မုံရွာနေဇာ

# ရေနစ်သူများသို့



◆ လိုချင်တိုင်းရ
လောဘဝင်လာ။

◆ လိုတိုင်းမရ
ဒေါသထန်စွာ။

◆ ရမရ ထိုနှစ်ဖြာ
အဝိဇ္ဇာ မောဟဖြစ်။

◆ ပုထုဇဉ် စိတ်အရှူး
ကူးရင်းနဲ့နစ်။

◆ အကုသိုလ် စိတ်များ
မပွားအောင် ဆင်ခြင်။

◆ ရွှေမဂ္ဂင် မြတ်ဓမ္မက
မုချကယ်တင်။

◆ သံသရာမှာ မနစ်ချင်
မြစ်ပြင်ကို စွန့်ကာထား။

◆ နိဗ္ဗူတာ ကုန်းထက်ကို
ရှန်းတက်လို့သွား။

ဖျာပုံတင်နိုင်ဝင်း

# ဓိပတိသုံးပါး ကိုယ်မှာထားသော်



✱ ကိုယ့်ကိုယ်ကိုသိ အတ္တာဓိပတိ၊
ပတ်ဝန်းကျင်သိ လောကာဓိပတိ၊
ကြောင်းကျိုးဆင်သိ ဓမ္မာဓိပတိ၊
ဓိပတိသုံးပါး ကိုယ်မှာထား၍၊
နေ့စဉ်ကြိုးကုတ် ပွားအားထုတ်သော်၊
မုချဧကန် ပြည်နိဗ္ဗာန်သို့
အမှန်တစ်နေ့ ရောက်ရလိမ့်မည်.....။

သိဒ္ဓိရှင် (နေပြည်တော်)



၀၃၁၉၀

# ခင်ပွန်းကြီးဆယ်ပါး

အဂ္ဂမဟာပဏ္ဍိတ – အရှင်ကုမာရ

**ယခင်အပတ်မှအဆက်**

အဲဒါကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြပါ။ မိမှန်း ဖမှန်း ဆရာမှန်း သမားမှန်း သိကြပါ။ မပြစ်မှားသင့်၊ မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီး ဆယ်ပါးကို မပြစ်မှားဘဲ ဂုဏ်ကြီးလှတဲ့ အဲဒီ ခင်ပွန်းကြီးဆယ်ပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အကျွန်ုပ် အခါခပ်သိမ်း ရှိခိုးပါ၏လို့ အမြဲရှိခိုး ရိုသေမြတ်နိုးနေတဲ့ ပုဂ္ဂိုလ်တွေကတော့ သင့်မယ်လို့ အတိအကျ ဟောထားတဲ့ အပြစ်တွေတောင် လွတ်သွားပါတယ်။

**ခြေလက်ကုပ်ကွေး၊ ဆွံ့အနေး၊ ကြီးလေးနာတတ်သည်**

အေး- မပြစ်မှားသင့်တဲ့ပုဂ္ဂိုလ်ကို ပြစ်မှားတဲ့ပုဂ္ဂိုလ်တွေမှာသင့်တဲ့ ဒဏ်တစ်ပါးက ဘာလဲဆိုတော့ ခြေလက်စတဲ့ အင်္ဂါတွေကတော့ မပျက်စီးပါဘူး။ ခြေလက်တွေ မသွားရ၊ မယူရ၊ ကိုင်မရ၊ ကွေးကောက် တွန့်လိမ်နေတတ်ပါတယ်။

ကဲ- အဲဒါမျိုးတွေ မရှိဘူးလား၊ လမ်းမှာ တွေ့ရတတ်ပါတယ်။ တွန့်လိမ်ကောက်ကွေးပြီး သွားနေကြတာတွေ အများကြီးပါပဲ၊ ပြောစကားလည်း မပီမသ ဆွံ့အတတ်ပါတယ်။

အေး-အဲဒါတွေဟာ အကောင်းပကတိက နေပြီး ကုပ်ကွေး ဆွံ့အသွားတာပါ။ ခြေလက်မသန်တဲ့ အနာရောဂါတွေ ဖြစ်လာတတ်ပါတယ်။ မိမိတို့ ပြစ်မှားမိတဲ့ အပြစ်တွေကို မသိတော့ ဝဋ်နာ၊ ကံနာလို့ ပြောကြပါတယ်။

ဝဋ်နာ၊ ကံနာဆိုလည်း မှန်ပါတယ်။ ဘယ်လိုမှန်လည်းဆိုရင် မပြစ်မှားသင့်၊ မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားချင်တာက ကိလေသဝဋ်ပါ၊ ကိုယ် နှုတ် စိတ် တစ်ပါးပါးဖြင့် ပြစ်မှားလိုက်တာက ကမ္မဝဋ်ပါ၊ အင်္ဂါပျက်စီးခြင်း စသည်ဖြင့် ခံရတာက ဝိပါကဝဋ်ပါ။

အေး- ဘုန်းကြီးတို့ကိုယ်တိုင် ဒီမျက်

မှောက်မှာပဲ တွေ့ခဲ့ဖူးပါတယ်။ နီးနီးကပ်ကပ်ပဲ တွေ့ခဲ့ဖူးပါတယ်။ ဘုန်းကြီးတို့ကတော့ မြတ်စွာဘုရားလို ဒီကံကြောင့် ဒီအပြစ်ခံရတယ်လို့ တိတိကျကျ ဟောမပေးနိုင်ပေမဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ပြစ်မှားထားတာတွေကို အထင်အရှားကြီး သိထား၊ ကြားထား၊ မြင်ထားပြီး မကြာမီ အပြစ်ဒဏ်ခံရတယ်ဆိုတော့ ဒဏ်သင့်တာလို့ ပြောနိုင်တာပါ။

## ရူးသွပ်ခြင်း

အေး- အဲဒါကြောင့် ဒီဒဏ်တွေဟာ အင်မတန် ကြောက်စရာကောင်းပါတယ်။ အဲဒီဒဏ်ထက် ပိုပြီးကြောက်စရာကောင်းတာက ကံပါ။ ကံကြောင့် ဒဏ်ဆိုတဲ့ ဝိပါက်ဖြစ်တာပါ။

## စိတ်ပျံ့လွင့်ခြင်း၊ ရူးသွပ်ခြင်း၊ ပေါခြင်း ရောက်တတ်သည်။

အေး- ယခု မျက်မှောက်ခေတ်မှာ အရူးတွေလည်း ပေါလိုက်တာ၊ စိတ်ပျံ့လွင့်ပြီး ရူးပြီးသွားရင် ပေါကျန်ရစ်တယ်။ "**အရူးပျောက်တော့ အပေါကျန်**"တဲ့။ "**အရူးပျောက်တော့ အနှမ်းကျန်**"တဲ့။ အချို့တော့လည်း ရူးတော့ မရူးပါ။ ကျပ်မပြည့်ပါ။ သုံးမတ်လောက်ပဲ ရှိပါတယ်။

အေး- ကျပ်မပြည့်ဘဲ ပေါကြောင်ကြောင်ဆိုတော့လည်း ဒီလောကမှာ ဘယ်နေရာမှာ သွားပြီး အသုံးချမလဲ။ အသုံးချလို့ မရတော့ပါ။ အေး- ဘာဖြစ်လို့ ပေါရသလဲ မေးရင်း ဒဏ်သင့်လို့ပါ။

အေး-အဲဒီလို ပေါနေတော့ ပညာရေးမှာလည်း အသုံးမကျပါ။ စီးပွားရေးမှာလည်း အသုံးမကျပါ။ အခုလို တရားအားထုတ်ရေးမှာလည်း အသုံးမကျပါ။ ပေါတယ်ဆိုတော့ အကြီးအကျယ် မရူးတာပဲရှိတယ်။ အကောင်းအဆိုး အကြောင်းအကျိုးကို ဘာမှမသိတော့ ဘယ်နေရာမှာမှ အသုံးချလို့ မရတော့တဲ့အတွက် လူဖြစ်ရကျိုး မနပ်တော့ပါ။ ရူးသွားပါပြီ။

## မင်းဒဏ်သင့်

အဲဒါကြောင့် ခင်ပွန်းကြီးဆယ်ပါးကို ကျေးဇူးမဆပ်ချင်နေပါ။ ကျေးဇူးမဆပ်နိုင်ရင်နေပါ။ ကျေးဇူးကန်းသောအားဖြင့် ပြစ်တော့ မပြစ်မှားပါနဲ့၊ မပြစ်မှားမိဖို့ သိပ်အရေးကြီးပါတယ်။ အေး- သိရမှာက မိမိအပေါ်မှာ ကျေးဇူးတွေ ရှိမှန်းသိရပါမယ်။ "ဩော် ငါ့

အပေါ်မှာ ကျေးဇူးရှိပါလား''လို့ သိနေရပါမယ်။ သိပြီး ဆပ်နိုင်အောင် ကြိုးစားရပါမယ်။

ဆပ်နိုင်သလောက် ပြန်ဆပ်ပါ။ မဆပ်နိုင်ရင် နေပါစေ၊ ပြစ်တော့ မပြစ်မှားပါနဲ့။ ခုခေတ်မှာ ဘေးရန်အန္တရာယ်တွေ များတယ်ဆိုတာ အဲဒီပြစ်မှားပြစ်ရဲ့ ဒဏ်တွေ အန္တရာယ်တွေပါ။ အဲဒီဒဏ်တွေ အန္တရာယ်တွေ ပျောက်ချင်လို့ ပရိတ်ရွတ်၊ ပဌာန်းရွတ်လို့လည်း မရနိုင်ပါ။ ကျေးဇူးတရားတွေ သိပြီး ပြန်ဆပ်မှ သို့မဟုတ် ပြစ်မှားပြစ်တွေကို ကန်တော့မှ ပျောက်မှာပါ။

မင်းစိုးကြောင့်သာ၊ ရှိအာဏာ၊ သစ္စာ လျော့ပျက်မည်။

အေး- မပြစ်မှားသင့်တဲ့ပုဂ္ဂိုလ်တွေကို ပြစ်မှားမိရင် ကိုယ့်မှာရှိထားတဲ့ ရာထူးတွေ၊ အာဏာတွေ ပြုတ်သွားတတ်ပါတယ်။ ယခုခေတ်မှာ အဲဒီလို ရာထူးပြုတ်သွားတာ၊ အာဏာတွေ ဆုံးပါးသွားတာ သာဓက ပြစရာတောင် မလိုပါဘူး။ အထင်အရှား ရှိပါတယ်။

ပစ္စည်းတွေပျက်ကုန်တာလည်း တစ်ပုံကြီးပါပဲ။ ဒီနေ့ ရာထူးရှိ၊ နက်ဖြန် မရှိတော့ဘူး၊ ပြုတ်သွားပြီ။ ဒီနေ့ ပစ္စည်းရှိ၊ နက်ဖြန် မရှိတော့ဘူး၊ မွဲသွားပြီ။

အေး- ဘုန်းကြီးတို့ ပရိသတ်တွေက ပြုထားတဲ့ ကုသိုလ် အနည်းငယ်ကလေးမျှကိုသာ မှတ်ထားတာ၊ မိမိတို့ မပြစ်မှားသင့်တဲ့ မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီးတွေကို ပြစ်မှားတဲ့ အကုသိုလ်ကံတွေကိုတော့ မှတ်မထားကြဘူး။

တကယ်လို့ မှတ်ထားရင် ပြစ်မှားတဲ့ အကုသိုလ်ကံနဲ့ ပြုထားတဲ့အကုသိုလ်ကံ ဘယ်ဟာက များတယ်ဆိုတာ သိနိုင်ပါတယ်။ အဲဒီလိုသိရင် သိပ်ကောင်းပါတယ်။

ဘာဖြစ်လို့ သိပ်ကောင်းလဲဆိုရင် သြော်-ငါမကောင်းခဲ့လို့ မကောင်းကျိုးပေးပါလားလို့ သိသွားတော့ ကောင်းပါတယ်။

အဲဒီလို မသိရင် ငါက ကောင်းပါရက်နဲ့ ဘာဖြစ်လို့ မကောင်းကျိုးတွေ ပေးရတာလဲ ဆိုပြီး ကောင်းတဲ့ကုသိုလ်ကံတွေ ဆက်မပြုတော့ဘဲ မကောင်းကံတွေပဲ ပြုတတ်ပါတယ်။ အဲဒီလိုပြုတော့ ပိုပြီးဆိုးသွားပါတယ်။

ပြစ်မှားတဲ့အခါမှာ ပြစ်မှားခံရတဲ့ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိ၊ ပညာရှိရင် ရှိသလောက်

**စာမျက်နှာ(၂၉)သို့**

# မိလိန္ဒပဉှာ

## မြေကြီးသည် အဘယ်ကြောင့် တုန်လှုပ်သနည်း

“အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် မြေလျှင်ပြင်းစွာ တုန်လှုပ်ခြင်း၏အကြောင်း ရှစ်ပါးတို့ကို ဟောကြားတော်မူခဲ့၏။ ထိုသို့ပင် ဖြစ်သော်လည်း ဝေဿန္တရာမင်းကြီးက အလှူကြီးစွာ ပေးလှူသောအခါတွင်ကား ခုနစ်ကြိမ် တိုင်တိုင် မြေလျှင်ကြီး တုန်လှုပ်ခဲ့ပေ၏။”

“အရှင်ဘုရား၊ အကယ်၍ ရှေ့စကားသည် မှန်ခဲ့ငြားအံ့၊ နောက်စကားသည် မှားပေရာ၏။ အကယ်၍ နောက်စကားသည် မှန်ခဲ့ငြားအံ့။ ရှေ့စကားသည် မှားပေရာ၏။ အစွန်းနှစ်ဖက် ထွက်သော ဤပြဿနာသည် အရှင်ဘုရားထံ သို့ ကပ်ရောက်လာပါ၏။ သိမ်မွေ့နက်နဲ၍ လူသာမန်တို့ ဖြေရှင်းရန် ခက်ခဲသော ဤ ပြဿနာကို ဖြေရှင်းတော်မူပါလော့”

“မင်းမြတ်၊ မြေလျှင် ပြင်းစွာတုန်လှုပ် ခြင်း၏ အကြောင်းရှစ်ပါးတို့ကို ဘုရားရှင် ဟောတော်မူခဲ့၏။ ဝေဿန္တရာမင်းကြီးက အလှူကြီးစွာပေးသောအခါ ခုနစ်ကြိမ်တိုင်တိုင် မြေလျှင်ပြင်းထန်စွာ တုန်လှုပ်ခြင်းသည်လည်း အမှန်ပင်ဖြစ်၏။ သို့ရာတွင် ထိုသို့ တုန်လှုပ်ခြင်း ကား တစ်ခါတစ်ရံမှသာ ပေါ်ပေါက်လာခြင်း ဖြစ်၏။ မြေလျှင်လှုပ်ခြင်း၏ အကြောင်းတစ်ပါး အဖြစ်ဖြင့် မရေတွက်အပ်ပေ။

“မင်းမြတ်၊ ဟိမဝန္တာတောင်မှ ငါးရာသော မြစ်တို့ စီးဆင်းလာကြကုန်၏။ ထိုမြစ်ငါးရာ တို့တွင် ဂင်္ဂါ၊ ယမုနာ အစိရဝတီ၊ သရဘူ၊ မဟီ၊ သိန္ဓု၊ သရဿတီ၊ ဝေတြဝတီ၊ ဝီတံသာ၊ စန္ဒဘာဂါ ဟူသော မြစ်ဆယ်စင်းတို့ကိုသာ မြစ်ဟူ၍ ရေတွက်အပ်ကုန်၏ ကျန်သော မြစ် တို့ကား နှစ်လုံးပေါက်ရေစီးဆင်း၍ မနေချေ။ တစ်ခါတစ်ရံမှသာ ရေစီးဆင်းကြကုန်၏။ ထို့ကြောင့် မြစ်ဟူ၍ မရေတွက်အပ်ကုန်။ မင်းမြတ်၊ ဤအတူသာပင် ဝေဿန္တရာ မင်းကြီးက အလှူကြီးစွာပေးသောအခါ ခုနစ်ကြိမ်တိုင်တိုင် မြေလှုပ်ခြင်းသည် တစ်ခါတစ်ရံမှသာ ပေါ်ပေါက်လာခြင်းဖြစ်၏။

ထို့ကြောင့်မြေလှုပ်ခြင်း၏ အကြောင်းတစ်ပါး အဖြစ်ဖြင့် မရေတွက်အပ်ပေ။

''မင်းမြတ်၊ လူပြည်နတ်ပြည် နှစ်ရပ်စလုံး၌ ကောင်းသတင်း ကျော်ကြား၍ ကုသိုလ်ကံ၏ အကျိုးကျေးဇူးကို မျက်မှောက်ဘဝမှပင် ခံစားကြရသော ပုဂ္ဂိုလ်ခုနစ်ယောက်တို့ကို ကြားဖူးပါ၏လော''

''အရှင်ဘုရား၊ ကြားဖူးပါ၏။''

''မင်းမြတ်၊ အဘယ်သူတို့ပေတည်း။''

''အရှင်ဘုရား၊ သုမန ပန်းသည်၊ ဧကသာဋကပုဏ္ဏား၊ ပုဏ္ဏားသူရင်းငှား၊ မလ္လိကာမိဖုရား၊ ဂေါပါလမာတာမိဖုရား၊ သပ္ပိယာဥပါသိကာမ ပုဏ္ဏားကျွန်မတို့ ဖြစ်ကြပေ၏''

''မင်းမြတ်၊ ရှေးလွန်လေပြီးသောအခါတုန်းက လူ့ကိုယ်ခန္ဓာဖြင့်ပင် နတ်ပြည်သို့ ရောက်ခဲ့ကြသူများကို ကြားဖူးပါ၏လော''

''အရှင်ဘုရား၊ ကြားဖူးပါ၏''

''မင်းမြတ်၊ အဘယ်သူတို့ပေနည်း''

''အရှင်ဘုရား၊ ဂုတ္တိလစောင်းသမား၊ သာဓိနမင်း၊ နေမိမင်း၊ မန္ဓာတုမင်းတို့ ဖြစ်ကြပေ၏''

''မင်းမြတ်၊ ရှေးလွန်လေပြီးသောအခါတုန်းကဖြစ်စေ ယခုမျက်မှောက်ကာလမှာဖြစ်စေ တစ်စုံတစ်ယောက်က အလှူပေးသောအခါတစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြေလျှင်တုန်လှုပ်၏ဟူ၍ သင်မင်းမြတ် ကြားဖူးပါ၏လော''

''အရှင်ဘုရား၊ မကြားဖူးပါ''

''မင်းမြတ်၊ ပါဠိတော် အဋ္ဌကထာစုံစေ့စွာ သင်ယူခဲ့သော ငါသည်လည်း ဝေဿန္တရာမင်းကြီး၏ အလှူမှတစ်ပါး အခြားသူတို့၏ အလှူတို့၌ မြေလျှင်တုန်လှုပ်ခြင်းကို မကြားဖူးပေ။ မင်းမြတ်၊ ဝေဿန္တရာမင်းကြီး အလှူပေးစဉ်က ထက်ဝန်းကျင်မှ စင်ကြယ်သော ဂုဏ်ကျေးဇူးတို့ကြောင့် ထိုဂုဏ်ကျေးဇူးတို့၏ အရှိန်အဟုန်ကို မခံနိုင်သောကြောင့် မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်ရပေ၏။

''မင်းမြတ် အလွန်တရာ လေးလံလှစွာသော ဝန်စည်များကို တင်ဆောင်လာသော လှည်းမှ ပုန်းတောင်းနှင့် တံကူတို့ ကွဲပျက်ကုန်၏။ ဝင်ရိုးလည်း ကျိုး၏။ ဤအတူသာပင် ဝေဿန္တရာမင်းကြီး၏ ထက်ဝန်းကျင်မှ စင်ကြယ်သော ဂုဏ်ကျေးဇူးတို့၏ အရှိန်အဟုန်ကို မခံနိုင်သဖြင့် ပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်ရပေ၏။

''မင်းမြတ်၊ ထိုစကား မှန်လှ၏။ ဝေဿန္တရာမင်းကြီးစိတ်တွင် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိနှင့်ကြွင်းသော ကိလေသာများ မယှဉ်လာကြကုန်။ တွေတွေရာရာ ကြံစည်ခြင်း၊ လှူဒါန်းရေး၌ မမွေ့လျော်ခြင်းတို့ ဖြစ်ပေါ်မလာကြပေ။ စင်စစ်အားဖြင့် လှူဒါန်းရေး၌သာ စိတ်ဝင်စားနေ၏။ မလာရောက်သေးသော အလှူခံတို့ ရောက်လာကြစေရန်၊ ရောက်လာပြီးသော အလှူခံတို့ အလိုရှိတိုင်းရ၍ ဝမ်းမြောက်ဝမ်းသာ ရှိစေရန်သာ ရေးရှုနေ၏။ မိမိကိုယ်ကို ကျိုးနွံစွာ ဆုံးမခြင်း၊ မျှတညီညွတ်သောစိတ်ရှိခြင်း၊ သည်းခံခြင်း၊ ဣန္ဒြေကိုစောင့်စည်းခြင်း၊ အမြဲစောင့်သော သီလရှိခြင်း၊ အခါအားလျော်စွာ စောင့်သော သီလ ရှိခြင်း၊ အမျက်မထွက်ခြင်း၊ သူတစ်ပါးကို မညှဉ်းဆဲခြင်း ဝစီသစ္စာ ဖြောင့်မှန်စွာ ပြောဆိုခြင်း၊ စိတ်ထားဖြူစင်ခြင်း ဟူသော ဆယ်ပါးသောတရားတို့ကို အမြဲတစေ ဆောက်တည်ကျင့်သုံး၏။

''မင်းမြတ်၊ ကာမဂုဏ် လိုလားတောင့်တခြင်း၊ လူ့ဘဝ နတ်ဘဝ လိုလားတောင့်တခြင်းတို့ကို ပယ်စွန့်၏။ မြင့်မြတ်သောအကျင့်ကို ကျင့်သုံးရန် တောင့်တခြင်းသာရှိ၏။ မိမိကိုယ်ကို စောင့်ရှောက်မှုမပြုဘဲ သတ္တဝါအပေါင်းတို့ သင့်တင့်ညီညွတ်စွာ နေထိုင်ကြစေရန်၊ အနာရောဂါကင်းရှင်းစေရန်၊ စည်းစိမ်ဥစ္စာ ပေါများကြစေရန်၊ အသက်ရှည်စွာ နေထိုင်ကြစေရန်သာ ကြံစည်စိတ်ကူး၍သာ နေ၏။

''မင်းမြတ်၊ ဝေဿန္တရာမင်းကြီး အလှူပေးခြင်းမှာ ဘဝသမ္ပတ္တိကို ရလိုသောကြောင့်လည်း မဟုတ်ပေ။ ပစ္စည်းဥစ္စာရလိုသောကြောင့်လည်း မဟုတ်ပေ။ အတုံ့အလှည့်ပေးစေလိုသောကြောင့်လည်း မဟုတ်ပေ။ သူတစ်ပါး အထင်ကြီးအောင် ဖြားယောင်းသွေးဆောင်လိုသောကြောင့်လည်း မဟုတ်ပေ။ အသက်ရှည်စေလိုသောကြောင့် မဟုတ်ပေ။ အဆင်းလှလိုသောကြောင့်လည်း မဟုတ်ပေ။ ချမ်းသာလိုသောကြောင့်လည်း မဟုတ်ပေ။ ခွန်အားကြီးလိုသောကြောင့်လည်း မဟုတ်ပေ။ အခြံအရံ အကျော်အစော ရလိုသောကြောင့်လည်း မဟုတ်ပေ။ သားသမီးတို့ ပွားစည်းလိုသောကြောင့်လည်း မဟုတ်ပေ။ စင်စစ်အားဖြင့် သဗ္ဗညုတဉာဏ်တော် ရတနာကို ရလိုသောကြောင့် အတုမရှိမြင့်မြတ်လှစွာသော အလှူတော်ကြီးကို ပေးလှူခဲ့ခြင်း ဖြစ်ပေသည်။

''မင်းမြတ်၊ ထိုစကားမှန်လှ၏။ ဘုရား

ရှင်ကိုယ်တော်တိုင်ကလည်း သမ္မာသမ္ဗုဒ္ဓတ်စွာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက်-

"ငါသည် သားတော် ဇာလီမင်းသားကို လည်းကောင်း၊ သမီးတော် ကဏှာဇိန် မင်းသမီးကိုလည်းကောင်း၊ လင့်အလိုလိုက်၍ လင့်အကြိုက်ကို ဖြည့်ဆည်းသော မဒ္ဒီမိဖုရားကို လည်းကောင်း၊ ပေးလှူစွန့်ကြဲသောအခါ သဗ္ဗညုတဉာဏ်တော်ကို အလိုရှိ၍သာလျှင် ပေးလှူခဲ့၏။ တစ်စုံတစ်ခုသော စည်းစိမ် ချမ်းသာကိုမျှ မတောင့်တ၊ မကြံစည်ခဲ့ပေ"ဟု မိန့်ကြားတော်မူခဲ့ပေ၏။

"မင်းမြတ်၊ ဝေဿန္တရာမင်းကြီးသည် အမျက်မထွက်ခြင်းဖြင့် အမျက်ထွက်သူကို အောင်နိုင်၏။ ကောင်းမွန်စွာ ကျင့်သုံးခြင်းဖြင့် မကောင်းသူကို အောင်နိုင်၏။ ပေးကမ်း လှူဒါန်းခြင်းဖြင့် နှမြောတွန့်တိုသူကို အောင် နိုင်၏။ မှန်ကန်စွာ ပြောဆိုခြင်းဖြင့် မမှန် မကန်ပြောဆိုသူကို အောင်နိုင်၏။ ဤသို့ တရားနှင့်အညီ ဆောက်တည်ကျင့်သုံး၍ ဝေဿန္တရာမင်းကြီးသည် မြင့်မြတ်လှသော အလှူတော်ကြီးကို ပေးလှူ၏။ ထိုအလှူတော် ကြီး၏ အရှိန်အဟုန်နှင့် အလွန်တရာ ထက်သန်လှသော လုံ့လဝီရိယ၏ အရှိန်အဟုန် တို့ကို မခံနိုင်သဖြင့် ကမ္ဘာလေကြီးတို့ တိုက်ခတ် ဝှေ့ယမ်းလာကြကုန်၏။ မိုးတိမ်တို့သည် အစုလိုက်အပြုံလိုက် ကောင်းကင်၌ ထိုမှဤမှ ပြေးလွှားကြရကုန်၏။ လေအဟုန်တို့ တိုက်ခတ် လှုပ်ရှားလွန်းသဖြင့် ရေလုံးရေပွက်တို့ ပြင်းထန်စွာ ထကြွကြကုန်၏။ ရေမြှုပ်ရေပန်း တို့ ကြမ်းတမ်းစွာ ပေါ်လာကြကုန်၏။ မဟာ သမုဒ္ဒရာရေကြီးလှိုင်းတက်လာကာ အရပ်မျက်နှာ အားလုံးသို့ တစ်ရှိန်ထိုး စီးဝင်ကုန်၏။ ရေပြင် တစ်ခုလုံး ရှန်းရင်းဆန်ခတ် လှုပ်ရှားခြင်း ကြောင့် မြင်းမိုရ်၊ သတ္တရဘန်၊ တောင်စဉ် တောင်တန်းနှင့်တကွ မဟာပထဝီမြေကြီး သည် ပြင်းထန်စွာ တုန်လှုပ်ရပေ၏။

"မင်းမြတ်၊ ဥပမာအားဖြင့် ကုန္တနီလာ၊ နီလာကြီး၊ ဇောတိရသီ၊ ကြောင်မျက်ရွဲ၊ ပတ္တမြားညို၊ ဖိန်၊ မဟာနောရှပတ္တမြား၊ သူရိယကန္တ၊ စန္ဒရကန္တ၊ ဝဇိရစိန်၊ ခဇ္ဇော ပနက၊ ဥဿဖရား၊ ပတ္တမြားနီ၊ ပတ္တမြား ပြောက်ဟူသော များပြားလှစွာသော ကျောက်မျက်ရတနာတို့သည် မြေ၌ရှိကုန်၏။ ထိုကျောက်မျက်ရတနာအားလုံးတို့ထက် စကြာဝတေးမင်းကြီး၏ ပတ္တမြားရတနာကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုပတ္တမြားသည်

ထက်ဝန်းကျင် တစ်ယူဇနာတိုင်တိုင် အရောင်အဝါ ထွန်းပ၏။ မင်းမြတ်၊ ဤအတူသာပင်၊ ဤမြေပြင်ပေါ်ရှိ အလှူဒါန အားလုံးတို့ထက် ဝေဿန္တရာမင်းကြီး၏ အလှူတော်ကိုသာလျှင် အမြတ်ဆုံးဟု ဆိုအပ်ပေ၏။ ထို့ကြောင့်ပင် ထိုအလှူတော်ကြီးပေးလှူရာ၌ ခုနစ်ကြိမ်တိုင်တိုင် မြေငလျင်ပြင်းထန်စွာ တွန်လှုပ်ရပေ၏''

''အရှင်ဘုရား၊ အလောင်းတော်သာ ဖြစ်ပါလျက် ဝေဿန္တရာမင်းကြီးသည် လူအပေါင်းတို့ လိုက်မမီလောက်အောင် ထူးမြတ်သော စိတ်သဘောရှိခဲ့ပါပေ၏။ အရှင်ဘုရားသည် ဘုရားအလောင်းတော်တို့၏ လုံ့လစွမ်းအားကို ထင်ရှားစွာ ပြခဲ့ပါပေပြီ။ ဘုရားရှင်တို့၏ ပါရမီတော်တို့ကိုလည်း အလွန်ထင်ရှားစွာ ပြဆိုခဲ့ပါပေပြီ။ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးကျူးခဲ့ပါပေပြီ။ အရှင်ဘုရား၊ ကောင်းလှပါပေစွ။ တပည့်တော်သည် အရှင်ဘုရား မိန့်ဆိုတိုင်း ဝန်ခံပါ၏''

**စာမျက်နှာ(၂၄)မှအဆက်**

ပြစ်မှားသူများမှာ ပြစ်မှားပြစ်ခံရတာ ကြီးပါတယ်။ မြန်ပါတယ်။

အေး- ပြစ်မှားခံရတဲ့ ပုဂ္ဂိုလ်က ပြစ်မှားသူကို အပြစ်ပေးတာ မဟုတ်ပါဘူး။ သူတော်ကောင်း တို့ရဲ့ အင်အားသည် သည်းခံခြင်းပါ။ အဲဒီ သူတော်ကောင်းတို့ရဲ့ သည်းခံတဲ့ အင်အားကပင် သူယုတ်မာပြစ်မှားသူကို ဒဏ်ခတ်တာပါ။

အေး- ပညာရှိသူတော်ကောင်းတွေက ဒီသူယုတ်မာမှာ အပြစ်ပေါ်သွားအောင်ဆိုပြီး သူ့အပေါ် အမျက်ဒေါသ မထွက်ပါ။

အမျက်ဒေါသ မထွက်ဘဲ ခန္တီ၊ မေတ္တာ၊ ကရုဏာတရားတွေ ကြီးစွာထားလေ၊ များစွာထားလေ အဲဒီပြစ်မှားသူမှာ မြန်စွာ အပြစ်ဒဏ်ထိလေ၊ အပြစ်ကြီးလေ ဖြစ်ပါတယ်။

အေး- ရာထူးတွေပြုတ်၊ အာဏာတွေမဲ့သွား၊ ပစ္စည်းတွေကုန်ရှုံးသွား၊ မင်းစိုးကြောင့်လို့ ဆိုပေမယ့် အဲဒီမင်းစိုးဒဏ် ဘာဖြစ်လို့ခံရတာလဲ အရင်းစစ်လိုက်တော့ မပြစ်မှားသင့်၊ ဒဏ်မထားသင့်တဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားလို့ပါ။

အဂ္ဂမဟာပဏ္ဍိတ-အရှင်ကုမာရ

# ထေရဝါဒခရီးသည်(၂)

ကိုရင်ရွှေမျိုး-နေနတ်သား

**ရန်ကုန်မှကျိုင်းတုံ**

ထေရဝါဒခရီးသည်တစ်စုသည် (၁၄-၂-၂၀၁၆)နေ့ နေ့လယ်(၁၂:၃၀)ခန့်တွင် မဟာရန်ကုန် မင်္ဂလာဒုံလေဆိပ် ပြည်တွင်းထွက်ခွါနားနေဆောင်တွင် ကျိုင်းတုံမြို့သို့ ပို့ဆောင်ပေးမည့် လေယာဉ်ကို အချိန်များစွာ စောင့်ဆိုင်းခဲ့ရ၏။ နေ့လယ်(၂:၀၀)နာရီထွက်ခွါရန် ချိန်းဆိုထားသည့် လေယာဉ်သည် ညနေ(၄:၀၀)နာရီမှ ကျိုင်းတုံသို့ ထွက်ခွါနိုင်ခဲ့၏။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်သလို လေယာဉ်ကိုလည်း စောင့်ဟန်မတူ။ ချိန်းသည့်အချိန်ထက် နှစ်နာရီနောက်ကျမှ လေယာဉ်က ရောက်လာ၏။ အမှတ်တရပင် ဖြစ်၏။ စောင့်ရင်းဆိုင်းရင်း ဆရာနန္ဒသိန်းဇံ၏ ''မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ''စာအုပ်ဖြင့် အချိန်ဖြုန်းခဲ့ရ၏။

နေလုံးကြီးကွယ်ပျောက်၍ မိုးစုတ်စုတ်ချုပ်မှ ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့၏။ ကျိုင်းတုံလေဆိပ်သည် အလင်းရောင်မှေးမှေးမှိန်မှိန်လေးဖြင့် ခရီးသည်တို့ကို တိတ်ဆိတ်စွာ ကြိုဆိုလျက်ရှိ၏။ ကျိုင်းတုံလေဆိပ်နှင့် ကျိုင်းတုံ၏ ရှုမ်းအလှတို့သည် ညကမ္ဘာလွှမ်းခြုံထားသဖြင့် ပီပီပြင်ပြင် ခံစားခွင့်မရရှိခဲ့ပေ။

နေမင်းကြီးသည် (၁၅-၂-၂၀၁၆)နေ့ ကန့်လန့်ကာဖွင့်ရန် လောကထဲသို့ စတင်ဝင်ရောက်ခဲ့၏။ ယင်းနေ့နံနက်(၉:၀၀)နာရီတွင် ကျိုင်းတုံမြို့ သာသနဝေပုလ္လပရိယတ္တိစာသင်တိုက်၌ ၅၂-ကြိမ်မြောက် လူပုဂ္ဂိုလ်သာသနာပြုသင်တန်း ဖွင့်လှစ်ခဲ့၏။ သာသနာပြု သင်တန်းများ(၅၂)ကြိမ်မက အကြိမ်ပေါင်း ရာထောင်ချီကာ ဖွင့်လှစ်သင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်သည် တရားအလုံးစုံကို သိမြင်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် တရားတော်တွေထဲက မိမိတို့သည် လူသားဘဝကို လက်ခံထားသည့် လူသားများပီပီ လူသားဘဝအကြောင်းကို တစေ့တစောင်းတော့ဖြင့်လေ့လာသိရှိထားသင့်ကြောင်းများ ပြောကြားပြီး စာရေးသူသည် ထိုပွဲ၌ ''ဘဝအကြောင်း တစေ့တစောင်း''ဟူသော ခေါင်းစီးဖြင့် ဩဝါဒပေးခဲ့ပါ၏။

ဒီနေ့ ဩဝါဒပေးမှာက ဘဝအကြောင်း တစေ့တစောင်း ပါ… ဘဝနဲ့ပတ်သက်ပြီး မေးခွန်း ၅-ခု မေးချင်ပါတယ်။ (လိုအပ်မယ် ထင်လို့ပါ။)

ဘဝဆိုတာ ဘာလဲ၊

ဘ၀ ဘာကြောင့် ဖြစ်တည်ပေါ်ပေါက်လာတာလဲ၊

ဘ၀ကို ထောက်ပံ့ကျားကန်ထားတာ ဘယ်တရားတွေလဲ၊

ဘ၀ကို ဖျက်ဆီးနေတာ ဘယ်တရားတွေလဲ

ဘ၀ရဲ့ထွက်ပေါက်ဟာဘာလဲ။

**ဘ၀ဆိုတာဘာလဲ**

ချာလီချက်ပလင်က ပြောတယ်။ ခပ်ဝေးဝေးကကြည့်ရင် "Life is comedy-ဘ၀ဆိုတာ ဟာသဇာတ်မြူးတစ်ခု''တဲ့။ (ဟုတ်မှာပါ)။ မင်းစိုးရာဇာတို့ရဲ့ဘ၀၊ သူဌေးသူကြွယ်တို့ရဲ့ဘ၀၊ ခပ်ဝေးဝေးကကြည့်ရင် ပျော်စရာလို့ ထင်နေမှာပါ။

အနီးကပ်ကြည့်ရင် ''လူတစ်ခု ပူမှုရယ် ဆယ်ကုဋေ''နဲ့ လူလုပ်နေကြရတာ၊ ဒီတော့ Tragedy ကြေကွဲစရာကြီးပေါ့။

မာသာထရီဇာ ပြောတာကတစ်မျိုး "Life is challenge-ဘ၀ ဆိုတာ စိန်ခေါ်မှုတစ်ရပ်ပဲ''တဲ့ "Meet it-ပြေးတွေ့လိုက်ပါ''ဆိုပဲ။

"Life is a continuous journey beset with problem-ဘ၀ဟူသည် ပြဿနာအထွေထွေနှင့် ဝန်းရံတိုက်ခံနေရသော မရပ်မနား လျှောက်လှမ်းရသည့် ခရီးတစ်ခုဖြစ်၏။ ဒါက ဒေါက်တာကေစရီမွှာနန္ဒပြောခဲ့တာ။

အဘိဓမ္မာရှုထောင့်က ကြည့်ကြစို့…။ ဋ္ဌီကာကျော် ဆရာကြီးက ပြောတယ်။ ''ဘ၀တီတိ ဘဝေါ-ဖြစ်တတ်သည်၊ ဒါကြောင့် ဘ၀''တဲ့။ ဒါဆို ဖြစ်တာဟာ ဘ၀ပေါ့။ သားတွေ သမီးတွေ ဖြစ်လာတယ် ဘ၀၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေတွေ ဖြစ်လာတာဟာ ဘ၀၊ Beginer ပေါ့ ဟုတ်ဘူးလား။ ပြောစရာလေးတစ်ခုတော့ရှိတယ်။ ဖြစ်ပြီးရင်ပျက်သွားတာပဲ။ ဒါဆို ဖြစ်ပြီးပျက်နေတာ ဘ၀လို့ ဖြည့်ပြီး နားလည်လိုက်ကြတာပေါ့။ နည်းနည်း ဆက်ဦးမယ်။ ဖြစ် တည် ပျက်၊ ပြီးတော့ ဥပါဒ် ဌီ ဘင်၊ နောက်တစ်ချက် ဇာတိ ဇရာ မရဏ။ အင်း ဒါတွေဟာ ဘ၀ရဲ့ အမှတ်အသားတွေပဲ။ ချုပ်စို့…ဖြစ်နေတာ ဘ၀။ ဘ၀က ကမ္မဘ၀၊ ဥပပတ္တိဘ၀ဆိုပြီး ၂-မျိုးရှိတယ်။ အဲဒီအထဲက ဥပပတ္တိဘ၀ကို ပြောနေတာပါ။

**ဦးရွှေအောင်ပြောတဲ့ ဘ၀အဓိပ္ပာယ်**

ဘ၀ဟူသည် ရိုးရိုးသဒ္ဒါနက်အားဖြင့် ဖြစ်တတ်သောသဘောပင်ဖြစ်၏။ ဖြစ်တတ်သော သဘောတွင် ကြိယာတို့၏ နိယာမအရ ကြိုးပမ်းမှု ''ဗျာပါရ''နှင့် ပြီးစီးမှု ''ဖလ'' ဟူ၍ နှစ်ပိုင်းတို့သည် တစ်ပေါင်းတည်းအနေဖြင့် ပါဝင်၏။ လောက ဝေါဟာရအားဖြင့် ကြိုးပမ်းမှု ''ဗျာပါရ''ကို ''အကြောင်းတရား'' ဟု ဆို၍ ပြီးစီးမှု ''ဖလ''ကို ''အကျိုးတရား'' ဟု ဆိုသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာ ဝေါဟာရစကားဖြင့် ဆိုရလျှင် သက်ရှိလောကအတွက် ကြိုးပမ်းမှု ''ဗျာပါရ''ကို ''ကမ္မဘဝ''ဟုဆို၍၊ ပြီးစီးမှု ''ဖလ''ကို ''ဥပပတ္တိဘဝ''ဟု ဆို၏။

(ဘဝအကျိုးသား၊ စာ-၄၁)

**အဲဒီဘဝ ဘာကြောင့် ဖြစ်တည်ပေါ်ပေါက်ပါသလဲ**

ကမ္ဘာမှာ အဓိကကျတဲ့ ဘာသာကြီးလေးခုရှိတယ်…ဟုတ်တယ်ဟုတ်။ ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရစ်ယာန်၊ အစ္စလာမ် ဒါပါပဲ။

ဟိန္ဒူ(Hindu)ကို မေးမယ်၊ ဘဝ ဘာကြောင့် ပေါ်ပေါက်လာတာလဲ၊ ပြောမှာပေါ့ Creator-ဖန်ဆင်းသူ။ ဟုတ်တယ် Creator ကြောင့် ပေါ်ပေါက်လာတာ။

ခရစ်ယာန်(Christian)ကို မေး-အဖြေက ဒါပဲ၊ အစ္စလာမ်(Islam)ကိုမေး-အဖြေက ဒါပဲ။ ဗြဟ္မာကြီးတို့၊ ထာဝရတို့၊ အလ္လာတို့ အမည်တွေ အမျိုးမျိုး ပြောင်းချင်ပြောင်းနေလိမ့်မယ်၊ သို့သော် ဖန်ဆင်းရှင်က ဖန်ဆင်းရှင်ပါပဲ။ (Creator is but God.)

ဗုဒ္ဓစာပေရှုထောင့်က ကြည့်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံကြောင့် ဘဝဆိုတာ ပေါ်ပေါက်လာတယ်။ မသိတော့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းကယ်၊ စွဲလမ်းတော့ အားထုတ်တယ်၊ အားထုတ်တော့ ရတယ်။ ဘာရတာလဲ…ဘဝဆိုတာကြီး ရလာရော…။

ဇွန်းလွန်းဆရာတော်ကြီး ပြောဖူးတယ်။ ''မသိတော့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ အားထုတ်၊ အားထုတ်တော့ ဒုက္ခဆိုတာကြီး ဖြစ်လာရော''တဲ့။

ဒီနေရာမှာတော့ ''မသိတာ''၊ အင်း-ဘာမသိတာလဲ။ ဘဝဆိုတာ ဖြစ်ပျက်ရယ်လို့ မသိတာ၊ မသိတော့ လိုချင်တယ်၊ ဘာကိုလဲ၊ ဘဝဆိုတာကြီး။ အဲဒါကြီးလည်း ရလာရော ဒုက္ခလှလှကြီး တွေ့ကရော။

ကောက်ချက်ကလေး ဆွဲကြည့်ရအောင်…

ဗုဒ္ဓဘာသာဆိုတာ မူလဘာသာရေးကိုက လွတ်လပ်ခွင့်ရှိတယ်။ ဘာဖန်ဆင်းရှင်ကိုမှ ကြောက်နေစရာ မလိုဘူး။ အားကိုးနေစရာ မလိုဘူး၊ ပသနေစရာ မလိုဘူး။ အဝိဇ္ဇာ(မသိမှု)ကို ဉာဏ်ဖြစ်အောင်လုပ်၊ မသိတာကို သိအောင်လုပ်၊ ကံက အဆင့်မြင့်လာတယ်၊ ဘဝတွေ ပါးလာတယ်။ ဖြစ်တည်မှုနယ်ပယ်တွေ ကျုံ့လာတယ်။ ဗုဒ္ဓဘာသာဆိုတာ ဒါပဲ…ဟု။

**ကိုရင်ရွှေဖျိုင်း-နေနတ်သား**

# [illegible]

ပြည့်သခင်

နံနက် ရှစ်နာရီကသာ ရှစ်နာရီအဖြစ်မှ အသစ်ပြောင်းလဲ၍ မိနစ် ၃၀ ဟူသော အချိန်ကာလကို ကျော်လွန်ကာ ရှစ်နာရီခွဲ ဖြစ်လို့သွားသည်။ ကျန် မည်သူမျှ မထူးခြား။ စိတ်ပညာသည်လည်း စိတ်ပညာသည်သာ။ ရေးထားသော စာတန်းသည်လည်း စာတမ်းသည်သာ။ ရွာသူရွာသားများသည်လည်း ရွာသူရွာသားများသည်သာ။ သင်တန်းပို့ချ၍ သာသနာပြုရန် ရောက်လာကြသော သူတို့အဖွဲ့သည်လည်း သူတို့အဖွဲ့သည်သာ။ အရာအားလုံး ပင်ကိုယ်အတိုင်းပင်…။

ထို့ကြောင့် သူတို့အားလုံး မည်သို့မျှ မဖြစ်နိုင်တော့သည့်အဆုံးတွင် လက်မြှောက်အရှုံးပေးလိုက်ကြလေတော့သည်။ နောက်တစ်နေ့ မနက်ဆိုလျှင် ကိုယ့်အထုပ်ကိုယ်ဆွဲ၍ ယာရာလမ်းအတိုင်း ပြန်ကြရတော့မည်ဖြစ်၏။ သည်အချိန်တွင် မည်သူ့ကိုမျှ အပြစ်မမြင် အပြစ်မတင်ချင်တော့ပေ။ အခြေအနေက စီမံပေးသော ကံတရားအတိုင်းသာ လက်ခံလိုက်ကြပါတော့သည်။

"ဟာ ကိုယ်တော်တို့၊ ကိုယ်တော်တို့ ဟိုမှာ ကြည့်စမ်း"

ရုတ်တရက် ထအော်လိုက်သည်က အကြံကောင်း ဉာဏ်ကောင်းကြီးများ ပေးခဲ့သော ပညာရှိသူခမိန် ကိုယ်တော် ဦးကုသလ ဖြစ်၏။ သူညွှန်ပြရာအရပ်ဆီသို့ ကြည့်လိုက်သောအခါ အင်္ကျီစွပ်ကျယ်အပြဲလေးများနှင့် ဘောင်းဘီကိုလေးများကို ဝတ်ဆင်ထားသော လွယ်အိတ်စုတ်ကလေးများကိုယ်စီဖြင့် ကောင်လေးခြောက်ယောက်၊ ကျောင်းရှေ့လမ်းမပေါ်တွင် ရပ်နေသည်ကို တွေ့လိုက်ရလေ၏။

"လုပ်ပြန်ပြီဗျာ၊ အလန့်တကြားနဲ့။ ဘာမှန်းလဲ မသိဘူး။ သူ့ဟာသူ နွားကျောင်းသားလေးတွေ ငှက်ပစ်သွားကြမလို့နေမှာပေါ့။ အဲဒါ ဘာဆန်းလို့လဲ"

"မဟုတ်သေးဘူး ကိုယ်တော်…၊ သူတို့ကြည့်ရတာ သင်တန်းလာတက်မလို့ ထင်တယ်။ အဲဒီအနားမှာ ရပ်ပြီး တပည့်တော်တို့အဖွဲ့ကို ကြည့်နေတာ တော်တော်ကြာပြီ"

"မဖြစ်နိုင်တာပဲဗျာ။ နွားကျောင်းသား ကယဉ်ကျေးလိမ္မာနဲ့ အင်္ဂလိပ်စကားပြောသင်တန်းလာတက်မှာလား။ စဉ်းစဉ်းစားစားလေးလည်း လုပ်ပါဦး"

"ဟုတ်မဟုတ် သေချာသိရအောင် တပည့်တော်တို့ ခေါ်ပြီး မေးကြည့်ကြရအောင်လေ။ ဟေ့ ဟေ့ ကလေးတို့ မင်းတို့အဖွဲ့

ဒီမှာ သင်တန်းတက်ဖို့လာကြတာ ဟုတ်တယ် မဟုတ်လား''

ကိုယ်လိုရာကိုဆွဲတွေး၍ နိမိတ်ပြမေးခွန်းကို မေးလိုက်ခြင်းဖြစ်၏။ ကလေးများက ဘာမှ ပြန်မပြော။ ကြောင်စီစီဖြင့်သာ ရပ်နေကြသည်။

'ဒီနားကို ခဏလာကြဦးကွ၊ မင်းတို့ကို ဘုန်းဘုန်းတို့က မေးစရာလေးရှိလို့'

ကလေးများက တုပ်တုပ်မျှပင် မလှုပ်၊ ကျောက်ရုပ်ကဲ့သို့သာ။

'အေး မင်းတို့ မလာချင်ရင်လည်း ငါတို့လာခဲ့မယ်။ အဲဒီနားမှာ စောင့်နေ။ တော်တော်မာနကြီးတဲ့ကလေးတွေပဲ။ ခေါ်တာတောင် မလာဘူး''

ပြောပြောဆိုဆိုနှင့် တစ်ပါးက ကလေးများ ရှိရာသို့ ထသွားသည်။ နောက်တစ်ပါးက မလှမ်းမကမ်းမှ လိုက်၏။ သူတို့ အနီးအနားသို့ ရောက်သောအခါ ကလေးများက ကြောက်လန့်တကြား ထွက်ပြေးကြတော့သည်။

'ဟေ့ ကောင်လေးတွေ နေကြဦးကွ၊ မင်းတို့ကို ဘာမှ မလုပ်ဘူး၊ မေးစရာလေးရှိလို့'

ကလေးခြောက်ယောက်နှင့် ဦးပဥ္စင်းလေးနှစ်ပါး လှုရှင်းသော လမ်းမပေါ်တွင် ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။ ကလေးများက အစွမ်းကုန်ပြေး၏။ ဦးပဥ္စင်းနှစ်ပါးကလည်း မရပ်မနား လိုက်သည်။

''ကိုယ်တော် အလျှော့မပေးနဲ့၊ မီအောင်သာ လိုက်။ မဟုတ်တော့လည်း အပျင်းပြေတာပေါ့''

ဦးပဥ္စင်းတစ်ပါးက လိုက်နေရင်းဖြင့် အခြား ဦးပဥ္စင်းတစ်ပါးကို အော်ဟစ်အားပေးလိုက်သေး၏။ မကြာမီတစ်ပါးလျှင် ကလေးတစ်ယောက်နှုန်းဖြင့် စုစုပေါင်း ကလေးနှစ်ယောက်ကို လက်ရ ဖမ်းစီးမိလိုက်ကြသည်။

'ဟား မောလိုက်တာကွာ။ ဟေ့ကောင်လေးတွေ မင်းတို့က ဘာကြောင့် ဒီလောက်တောင် စွပ်ပြေးနေကြရတာလဲ။ ဟော ဟဲ ဟော ဟဲ ပြောလေကွာ။ ဘာလို့ ပြေးတာလဲလို့'

'လိုက် လိုက် လိုက်လို့ပြေးတာပါ'

'ဟိုက် သေစမ်းဟ၊ မင်းတို့ ပြေးလို့ ငါတို့က လိုက်နေရတာကွ'

'ကိုယ်တော် ငြင်းမနေနဲ့။ ကျောင်းထဲကိုသာ ခေါ်လာခဲ့။ ဟိုရောက်မှ ရှင်းမယ်'

ဦးဇင်းတစ်ပါးက ပြောပြောဆိုဆိုဖြင့် သူမိထားသော ကလေးတစ်ယောက်ကို ဆွဲကာ ဘုန်းကြီးကျောင်းဘက်သို့ ဦးတည်လေသည်။ ထိုမှနောက်၌ ကျန်တစ်ပါးကလည်း နည်းတူပြု၏။ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်လေလျှင် လှေခါးထစ်များထိပ်၌ ထိုင်စောင့်နေကြသော ကိုယ်တော်လေးပါးက အပြုံးကိုယ်စီဖြင့် စီးကြိုနေကြလေ၏။

'မင်းတို့ ဒီကို သင်တန်းတက်ဖို့ လာကြတာ ဟုတ်တယ်နော်'

တရားရုံးက ရှေ့နေကြီးများကဲ့သို့ အကဲပ သိနေသော မျက်နှာထားမျိုးဖြင့် နိမိတ်ပြမေးခွန်း ကိုပင် ထပ်မေးလိုက်၏။ ကလေးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်ကြသည်။ စကားတစ်ခွန်းမျှ မပြောသေး။ ထိုအခိုက်တွင် ဦးပဥ္စင်း ဦးအရိယသည် တစ်စုံတစ်ရာကို သတိရသည့်ပုံဖြင့် ကျောင်းအပေါ် ထပ်သို့ ပြေးတက်သွား၏။ သူ ပြန်ဆင်းလာသော အချိန်၌ လက်ထဲတွင် ချိုချဉ်ထုပ် တစ်ထုပ် ပါလာလေသည်။ ချိုချဉ်ထုပ်ကို မြင်လိုက်ရသည့်အချိန်တွင် ကလေးများ၏ မျက်နှာမှာ မချိုမချဉ် ဖြစ်ကုန်ကြလေ၏။ ချိုချဉ်ယူလာသော ဦးပဥ္စင်းဦးအရိယကလည်း သည်အထာကို နောကျေနေသည်။ ထို့ကြောင့် ပေးလာသည့် အခြေအနေကို အကျိုးရှိစွာ အသုံးချလိုက်လေ၏။

'မင်းတို့ မှန်မှန်ပြောရင် ဒီချိုချဉ်တွေ ကျွေးမယ်'

'ဒီမှာ သင်တန်းတက်ဖို့ လာကြတာ မဟုတ်လား'

တစ်ပါးက ချိုချဉ်ကိုပြ၍ ကလေးများကို ဖြားယောင်း၏။ တစ်ပါးကလည်း ထုံးစံအတိုင်း နိမိတ်ပြမေးခွန်းကိုပင် တတ်ယမ္မိထပ်မေးသည်။ ထိုအခါ ကလေးတစ်ယောက်က ချိုချဉ်ထုပ်ကို ကြည့်ရင်း တံတွေးမျိုချလိုက်လေ၏။ သူ့အလိုလို တံတွေးမျိုသည့်ကို ခေါင်းညိမ့်သည်ဟု တစ်ယစ်ချမှတ်ယူကာ ချိုချဉ်ဆရာတော် ဦးအရိယက လက်ဖျစ်တွတ်၍ မှတ်ချက်ပြုလိုက်လေသည်။

'အဲဒါပဲကွ အမှန်တရားဆိုတာ။ ရာဇဝင်ဘောင်းပြေးလို့ မလွတ်ပါဘူး၊ ဟား ဟား ဟား။ မင်းတို့ ဘာပြင်းဦးမလဲ။ ရော့ ဒီမှာ ချိုချဉ် ခြောက်လုံးစီယူ''

''ဟာ…ကိုယ်တော် ကလေးတွေကို ဘာတွေ လျှောက်ပြောနေတာလဲ။ အရှင်ဘုရားကလည်း မြူဆွယ်သေးတယ်'

'မဟုတ်ပါဘူး ကိုယ်တော်ရဲ့၊ သူတို့စိတ်နဲ့ သူတို့ကို အစကတည်းက ဒီမှာ သင်တန်းတက်ဖို့လာခဲ့ကြတာ။ ဒီရောက်တော့မှ ဒီကောင်တွေ မဟုတ်သလိုလိုနဲ့ ပြန်ပြေးလို့။ ဒါ လိမ်လည်မှုတစ်ခုပဲ။ ဒါကြောင့် ပြောတာ။ ရာဇဝင်ဘောင်း ပြေးလို့ မလွတ်ပါဘူးလို့၊ ဟီး ဟီး'

ဦးအရိယသည် သူ့စကားသူ မဖြစ်၊ ဖြစ်သလို လိုက်လံဖာထေးနေသေး၏။

''ကဲ ညီလေးတို့…၊ မင်းတို့အားလုံး ခြောက်ယောက်အတူ လာခဲ့ကြတာနော်''

''ဟုတ်''

ကလေးများက ညီတူညာတူ ခေါင်းညိမ့်၏။

'အကုန်လုံး သွားပြန်ခေါ်လာခဲ့။ ဒီမှာ

ချိုချဉ်တွေရှိသေးတယ်။ ဘုန်းဘုန်းတို့က ချစ်ကြည်ရေးအဖြစ် ချိုချဉ်ကျွေးချင်လို့ ခေါ်တာလို့ ပြော'

'တကယ်ပြောတာနော်'

ကလေးတစ်ယောက်က သံသယတစ်ဝက်ပါသော မေးခွန်းကို ဆို၏။

'အေးပါကွ၊ တကယ်ပေါ့။ မင်းတို့တောင် အခုစားနေရသေးတာပဲ။ ကဲ···သွား မြန်မြန်ခေါ်။ သူတို့အကုန်လုံးပါလာခဲ့ရင် မင်းတို့ကို ချိုချဉ်တွေအများကြီး ဆုလာဘ်အဖြစ် ပေးဦးမယ်။ မင်းတို့နှစ်ယောက်ထဲက များများနဲ့ မြန်မြန်ခေါ်လာနိုင်တဲ့သူကို ပိုပေးမှာနော'

ရုတ်တရက် ကလေးနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်မယားကြပါဘဲလျက် ပြိုင်တူ သုတ်ချေတင်ကြလေတော့သည်။ ဦးပဥ္စင်းခြောက်ပါးလည်း ကလေးဖမ်း ဝရမ်းထုတ်ပြီး ဘုန်းကြီးကျောင်း ဖိနပ်ချွတ်စခန်းမှ ထိုင်စောင့်နေကြ၏။ သိပ်မကြာမီပင် ကလေးခြောက်ယောက် ပြန်ရောက်လာကြသည်။ တစ်ယောက်လျှင် ချိုချဉ်ခြောက်လုံးစီထပ်မံ၍ ဝေပေးလိုက်၏။ ကလေးအားလုံး ပြုံးပျော်ကုန်ကြ၏။

'ကဲ မင်းတို့အားလုံးရဲ့ နာမည်တွေ ပြောကြ။ စာရင်းကောက်ထားရမယ်''

'တက်တူ'

'ပေတေး'

'မာတောက်'

'ချိုတူး'

'မဲလုံး'

'အောင်ဘု'

'ဟာ ကမ္ဘာကျော်ဦးမဲ့ နာမည်တွေပဲဟေ့၊ ဒီနေ့ သင်တန်းစမယ်။ တို့ခြောက်ပါးစလုံး မနက်ဖြန် ရန်ကုန်ကို ပြန်စရာမလိုတော့ဘူး'

သင်တန်းသားစာရင်းကောက်နေသော ဦးပဥ္စင်းဦးတေဇက ဝမ်းသာအားရဖြင့် ထအော်၍ အဖွဲ့သားအားလုံးကို ကြေငြာလိုက်၏။ ကျန်ကိုယ်တော်များကလည်း ပြုံးခြင်းအားဖြင့် သဘောတူလက်ခံကြောင်း အသိအမှတ်ပြုကြလေသည်။ ဤသို့အားဖြင့် သူတို့အဖွဲ့ သင်တန်း စ,ဖွင့်ဖြစ်သွားကြသည်။ သင်တန်းကို ပထမဦးဆုံး စတင်သင်ကြားပို့ချသူက ဦးဉာဏဒီပ ဖြစ်၏။ သူက ကလေးကြိုက် ကဗျာများကို အသံနေအသံထားဖြင့် ဆိုတတ်သည်။

'ကဲ လိုက်ဆိုကြ'

How do you do Marry, Michael how do you do?(လက်ခုပ်သံနှစ်ချက် သံပြိုင်)

Is there anything that we can do for you?(လက်ခုပ်သံနှစ်ချက် သံပြိုင်)

We are glad to welcome you and we hope you like us,too.

How do you do Marry, Michael how do you do?(လက်ခုပ်သံနှစ်ချက် သံပြိုင်)

'အိုခေ နောက်တစ်ခါက်'

ကလေးများက အသံကုန်ဟစ်၍ ပျော်ရွှင်စွာ သီဆိုကြသည်။ ပီသသည်လည်း ရှိ၏။ ရောချသည်လည်း ပါ၏။ သို့သော် အလိုက်သည်းလိုက် ပျော်မြူးနေကြသည်မှာတော့ အမှန်ပင်ဖြစ်သည်။

'သံစဉ်မရသေးဘူး။ ထပ်ဆိုလိုက်ကြရအောင်'

ကျန်ဦးဇင်းများကပါ ကလေးများနှင့် ပြိုင်တူ လိုက်၍ ဆိုကြသည်။ ထို့နောက် မိနစ်ငါးဆယ်ခန့်ကြာသောအခါ လေးငါးခါက်မျှ ဆက်တိုက်ဆိုပြီး အားလုံး မောဟိုက်ကုန်ကြလေ၏။

'ဘုန်းဘုန်းတို့ အင်္ဂလိပ်စာသင်တဲ့အထဲမှာ ဒီလိုဆိုရမယ့်ဟာတွေ အများကြီးရှိလား'

'အေး ရှိတာပေါ့ကွ၊ ဘာလဲ မင်းတို့က မသင်ချင်လို့လား'

'မဟုတ်ပါဘူး။ သားတို့က ခက်တဲ့ဟာတွေချည်းပဲ သင်မယ်လို့ ထင်နေတာ။ အခုလိုဆိုတော့ ပျော်စရာတောင် ကောင်းသေးတယ်'

'အေး နောက်နေ့ဆိုရင် ဒီထက်တောင် ပိုပြီး ပျော်စရာကောင်းဦးမှာ...။ ဟို ဘုန်းဘုန်းတွေက သားတို့ကို စာသင်ရင်းနဲ့ ပုံပြင်လေးတွေလည်း ပြောပြကြလိမ့်ဦးမယ်။ မြန်မာကဗျာတွေလည်း သင်ပေးလိမ့်ဦးမယ်။ နောက်နေ့တွေလည်း သင်တန်းလာတက်ကြနော်။ မပျက်စေနဲ့'

'ဟုတ်ကဲ့'

ကလေးများက သံပြိုင် ကတိပေးလိုက်ကြ၏။

'ဘုန်းဘုန်းတွေနဲ့ စကားပြောတဲ့အခါ 'ဟုတ်ကဲ့'လို့ မပြောရဘူး။ 'မှန်ပါ့ဘုရား'လို့ ပြောရတယ်။ မှတ်ထားကြနော်'

'မှန်ပါ့ဘုရား'

'အလယ့် တယ်တော်တဲ့ ကလေးတွေပါလား ဟေ့။ ငါ့တပည့်တွေလို့ မပြောရဘူး ဟဲ ဟဲ'

ပထမအချိန် အင်္ဂလိပ်စာသင်ပြီး ဒုတိယအချိန်၌ ကလေးကြိုက်ပုံပြင်လေးများကို စီကာပတ်ကုံးပြောပြကာ သူတို့အဖွဲ့၏ ကမ္ဘာကျော်သာသနာပြု ယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းကို အရှည်ခန့်၍ တည်တံ့အောင် ဆွဲဆောင်ကြလေသည်။

(နောက်လဆက်လက်ဖတ်ရှုပါရန်)

ပြည့်သခင်

# ချမ်းသာအစစ်ကို ဝေငှခြင်း

သထံပ(ကျမ်းပြု)

ဘုရားရှင်မပွင့်ထွန်းမီက ဝါဒရေးရာများ

ဘုရားလောင်း မဖွားမြင်မီကာလတွင် မဇ္ဈိမဒေသ၌ ဘာသာရေးဝါဒ အများအပြား ပေါ်ပေါက်ခဲ့ရာ ထိုခေတ်က လူသိများ၍ ကျော်ကြားသော ဝါဒနှစ်ရပ်အကြောင်းကို ဦးစွာလေ့လာကြည့်ကြပါစို့။

ပထမဝါဒကား လောကီချမ်းသာကို ခံစားသောဝါဒဖြစ်၏။ ယင်းဝါဒဆိုင်ရာ ယူဆချက်မှာ ဤသို့ဖြစ်သည်။ လူဆိုတာ လောကီချမ်းသာ ခံစားဖို့အတွက် မွေးလာခြင်းဖြစ်၏။ ထို့ကြောင့် လောကီချမ်းသာကို ရနိုင်သမျှ ခံစားရမည်။ လောကကြီးသည် ဆင်းရဲ၏။ ဒုက္ခတုံးကြီးသာဖြစ်၏။ စသည်ဖြင့် ကိုယ်မတတ်စွမ်းနိုင်သည့်ကိစ္စကို တွေးတောနေစရာ ငြီးငြူနေစရာမလို။ ဤသို့သော အတွေးအခေါ်များသည် လောကီစည်းစိမ် ခံစားရာတွင် အနှောင့်အယှက်ဖြစ်၏။ ကိုယ့်အတွက် အကျိုးရှိနေမည်ဆိုလျှင် မိဘကိုပင် သတ်သင့်က သတ်ရမည်။ ကိုယ်ကျိုးအတွက် ဆိုလျှင် ဘယ်လိုကိစ္စမျိုးမဆို လုပ်ရဲရမည်။ လုပ်ရမည်။ ကုသိုလ်၊ အကုသိုလ်ဆိုတာတွေ လည်းမရှိ၊ တမလွန်ဘဝဆိုတာလည်းမရှိ၊ ဤဘဝ ဤခန္ဓာကိုယ်ကြီးသေသွားလျှင် ကိစ္စပြတ်တော့၏။ မီးရှို့၍ ပြာဖြစ်သွားသော ဤခန္ဓာကောင်သည် ဘယ်လိုလုပ် နောင်တစ်ခါ ပြန်ဖြစ်လာပါဦးမည်နည်း။ ထို့ကြောင့် အနာဂတ်ဘဝဆိုတာကြီးကိုလည်း တွေးတောပူပန်နေစရာမလို၊ အခွင့်သာခိုက်မှာ ကာမဂုဏ်ချမ်းသာကို အားပါးတရ ခံစားရမည်ဟု ယူဆကြ၏။

အထက်ပါ ယူဆချက်များကို ထိုခေတ်က ထိုဝါဒခေါင်းဆောင်များနှင့် ဂိုဏ်းသားတို့က တွင်တွင် ကျယ်ကျယ် ဟောပြောကြ၏။

မြတ်စွာဘုရားရှင်က ဤဝါဒလမ်းစဉ်ကို ''ကာမသုခလ္လိကာနုယောဂ''ဟု အမည်ပေးတော်မူသည်။ ဤဝါဒလမ်းစဉ်ကား ရုပ်ကြမ်းဝါဒနှင့် ခပ်ဆင်ဆင်တူသော ဝါဒမျိုးဖြစ်၏။ လောကာယတ(သံသရာဆွဲဆန့်သော)ဝါဒမျိုးပင်ဖြစ်၏။

ကာမဂုဏ်ချမ်းသာ လိုက်စားသည့် ဤဝါဒလမ်းစဉ်မျိုးကို ဘုရားလောင်း သိဒ္ဓတ္ထ မင်းသားဘဝက အသက်(၁၆)နှစ်မှ(၂၉)နှစ် အရွယ်ခန့်တိုင် တစ်ဆယ့်သုံးနှစ်ခန့်ပင် ကျင့်သုံး

ခံစားခဲ့ပြီး ဖြစ်လေသည်။

ဒုတိယဝါဒလမ်းစဉ်က ဤသို့ဆိုထားသည်။ လောကကြီးသည် ဆင်းရဲဒုက္ခတွေနှင့် ပြည့်နှက်နေ၏။ ဤဆင်းရဲဒုက္ခတွေ ပြည့်လျှမ်းနေသည့် လောကမှ လွတ်မြောက်ဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ်၊ ကာမဂုဏ်ချမ်းသာများကို ခံစားနေ၍မဖြစ်၊ ခန္ဓာကိုယ်ကြီးကို ဆင်းရဲအောင် နှိပ်စက်ပေးမှသာ သံသရာမှ လွတ်မြောက်မည်။ ခန္ဓာကိုယ်ကြီးကို ပင်ပန်းဆင်းရဲအောင် နှိပ်စက်ပေးလျှင် ကိလေသာတွေ ခန်းခြောက်သွားမည်၊ ကိလေသာတွေ ခန်းခြောက်ကုန်မှသာ ဆင်းရဲဒုက္ခတွေ ပင်လယ်ဝေနေသည့် သံသရာမှ လွတ်မြောက်မည်။ ထို့ကြောင့် ခြစ်ခြစ်တောက်ပူနေသော နေပူရှိန်ပြင်းပြင်းအောက်တွင် မီးပုံကြီး လေးပုံ၏ အလယ်မှာနေရမည်။ (ပဉ္စာတပအကျင့် ကျင့်ရမည်)။ ခန္ဓာကိုယ်ထိခိုက်နာကျင် ဆင်းရဲနွမ်းနယ်နေလျှင် ကိလေသာတွေ မဖြစ်နိုင်။

တစ်ဖန် အလိုရမ္မက်နည်းသည်ထက်နည်းအောင် ခွေး၊ နွား များကဲ့သို့လည်း ကျင့်ရမည်။ ခွေး၊ နွားများကဲ့သို့ အိပ်၊ စား၊ သွား၊ လာ ပြုမူနေထိုင်ကျင့်ကြံရမည်။ ဤသို့ဖြင့် ခန္ဓာကိုယ်ပင်ပန်းအောင် ဆင်းရဲအောင် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ရန် ဟောပြောသည့် ဝါဒလမ်းစဉ်တစ်ရပ် ဖြစ်လေသည်။

ဤဒုတိယဝါဒလမ်းစဉ်ကို ကား မြတ်စွာဘုရားရှင်က အတ္တကိလမထာနုယောဂ ဟု နာမည်တပ်လိုက်သည်။ ဤလမ်းစဉ်မှား မျိုးကိုလည်း ဘုရားလောင်းသည် ဒုက္ကရစရိယာ(၆)နှစ်ပတ်လုံး ကျင့်ကြံအား ထုတ်ခဲ့ဖူးလေသည်။

ရှေ့တွင်ဖော်ပြခဲ့သော ဝါဒလမ်းစဉ်နှစ်ရပ်ကို ခြုံငုံသုံးသပ်ကြည့်လျှင် ဝါဒ နှစ်ခုလုံးပင် သူတော်စင်တို့၏ မှန်မြတ်သော လုပ်ငန်း မဟုတ်ကြောင်း၊ အကျိုးမရှိ အချည်းနှီး ဖြစ်သောလုပ်ငန်းများသာဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

မြတ်စွာဘုရားရှင်သည် ရှေ့တွင် ဖော်ပြခဲ့သော ဝါဒလမ်းစဉ်နှစ်ခုလုံးကို ကိုယ်တိုင်ပင် ကျင့်ကြံအားထုတ်ခဲ့ဖူးသော ကြောင့်လည်း ဝါဒနှစ်ရပ်လုံးသည် လမ်းစဉ်မှားကြီးများဖြစ်၍ အကျိုးမရှိ၊ အသုံးမကျသည့် ဝါဒလမ်းစဉ်များအဖြစ် ရှင်းလင်းစွာ သိမြင်တော်မူခြင်းဖြစ်ပေသည်။ သဗ္ဗညုတ္တာဘုရားအဖြစ်သို့ ရောက်ပြီးခါစအချိန်မှာပင် "ငါသည် ဤအကျိုးမရှိသော ဒုက္ကရစရိယာ အကျင့်မှ ကင်းကင်းရှင်းရှင်းကြီးလွတ်မြောက်ခဲ့လေပြီတကား" ဟု ကြံစည်သုံးသပ်ခဲ့ဖူးလေသည်။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီတို့အား ဟောကြားသော တရားဦး

ဒေသနာ၏ အစမှာပင် လမ်းစဉ်များကြီးနှစ်ရပ်ကို ထုတ်ဖော်ပြလိုက်ရခြင်းဖြစ်၏။

ဤသည်မှာ သဘာဝလည်းကျ၏။ လမ်းစဉ်များနောက်ကို လိုက်ခဲ့မိပြီးမှ လမ်းစဉ်အမှန်ကို တွေ့ရှိကာ အသိဉာဏ်ထူးရရှိ၍ ဘုရားဖြစ်ခဲ့သော ဂေါတမရှင်တော်မြတ်သည် "ဤလမ်းစဉ်နှစ်ရပ်လုံးသည် လမ်းစဉ်မှားဖြစ်၏။ အကျိုးမရှိ အသုံးမကျသည့် လမ်းစဉ်များဖြစ်၏" ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီတို့အား လမ်းစဉ်များကြီးနှစ်ခုကို ဟောတော်မူပြီးနောက် တစ်ဆက်တည်းပင် လမ်းစဉ်မှန်ကို ထုတ်ဖော်ဟောပြခဲ့လေသည်။ ဟောလိုက်သော လမ်းစဉ်မှန်တရားကား မြတ်ဗုဒ္ဓ၏ ကိုယ်ပိုင် ကိုယ့်အားကိုယ်ကိုး၍ ရှာဖွေခဲ့သော ကိုယ်တိုင်အောင်မြင်ပြီးမြောက်သည်အထိ ကျင့်ကြံအားထုတ်ခဲ့သည့် လမ်းစဉ်ဖြစ်၏။

**လမ်းစဉ်မှန်**

ရှေ့တွင်ဖော်ပြခဲ့သော လမ်းစဉ်မှားနှစ်ခုသည် အဆုံးထိတိုင် အစွန်းရောက်လမ်းစဉ်များဖြစ်၏။ တရားလွန်ဝါဒများလည်းဖြစ်၏။ ဘာမျှအသုံးမကျသော ဝါဒလည်းဖြစ်၏။

မြတ်ဗုဒ္ဓကိုယ်တိုင် ထုတ်ဖော်ပြလိုက်သော လမ်းစဉ်မှန်သည်ကား လမ်းစဉ်များကြီးနှစ်ခု၏ နောက်သို့မလိုက်၊ ထိုလမ်းစဉ်များကြီးနှစ်ခု၏ အစွန်းနှစ်ဖက်ကိုရှောင်၍ ကျင့်ကြံသော အလယ်အလတ်ကျင့်စဉ်တစ်ရပ်ပင်ဖြစ်၏။ ကာမဂုဏ်ချမ်းသာခံစားမှု(ဓိမ်ခံမှု) လမ်းစဉ်နောက်သို့လည်း မလိုက်၊ ခန္ဓာကိုယ်ညှဉ်းဆဲသည့်(ဒုက္ခခံမှု)လမ်းစဉ်ဘက်သို့လည်းမပါ၊ အလယ်အလတ်ကျကျ လိုက်နာကျင့်ကြံသည့် ဝါဒလမ်းစဉ်သာ ဖြစ်ပါ၏။ မြတ်ဗုဒ္ဓ၏ အလယ်အလတ်ဝါဒလမ်းစဉ်ကို ပါဠိလို မဇ္ဈိမပဋိပဒါဟု ခေါ်သည်။

မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ပညာမျက်စိကို ဖွင့်ပေးတတ်၏။ အသိဉာဏ်မြင့်မားလာအောင်လည်း ပြုပေးတတ်၏။ ကိလေသာအပူဓာတ်များကို ငြိမ်းအေးသွားအောင်လည်း စွမ်းဆောင်နိုင်၏။ သစ္စာလေးပါးကို သိမြင်လာစေသည့် ကျင့်ကြံနည်းလည်းဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် ကျင့်စဉ်မှန်တစ်ရပ်ဖြစ်၏။

မဇ္ဈိမပဋိပဒါလမ်းစဉ်သည် အစိတ်အပိုင်း(၈)မျိုးရှိ၏။ ယင်းတို့ကား

၁။ အမြင်မှန်ရအောင် ကျင့်ကြံအားထုတ်ခြင်း၊

၂။ ကောင်းမြတ်သော(ကုသိုလ်) အကြံအစည်များကိုသာ ကြံစည်ခြင်း၊

၃။ ကောင်းသောစကားကိုသာ ပြောဆိုရခြင်း၊

၄။ ကောင်းသောအပြုအမူကိုသာ ပြုမူခြင်း၊

၅။ စင်ကြယ်သော အသက်မွေးမှု ဖြင့် အသက်မွေးခြင်း၊

၆။ မှန်ကန်သော အားထုတ်မှုကို သာ ပြုလုပ်ခြင်း၊

၇။ မှန်ကန်သော သတိပြုအမှတ်ရမှု ကို ပြုလုပ်ခြင်း၊

၈။ မှန်ကန်သော စိတ်တည်ငြိမ်မှု သမာဓိဖြစ်အောင် အားထုတ်ခြင်း

တို့ဖြစ်သည်။

ဤ(၈)ပါးကို မိမိသန္တာန်၌ ဖြစ်ပေါ်နေအောင် ကျင့်ကြံနေထိုင်လျှင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို လိုက်နာသူဖြစ်ပေ၏။

**သစ္စာလေးပါး ဟောကြားခြင်း**

မြတ်ဗုဒ္ဓသည် တရားဦးဒေသနာ ဟောကြားရာတွင် မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်လမ်းစဉ်ကို ထုတ်ဖော်ပြသပြီးသည့်နောက်၌ သစ္စာလေးပါး မြတ်တရားကို ဆက်လက် ဟောကြားခဲ့လေသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်ရှစ်ပါးတွင် ပါဝင်သော သမ္မာဒိဋ္ဌိ=အမြင်မှန်ရရန် အားထုတ်ခြင်း ဆိုရာဝယ် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာဟူသော ဤတရားများကို ပိုင်နိုင်ရှင်းလင်းစွာ သိမြင်နားလည်ခြင်းကို အမြင်မှန်ခေါ်သည်ဟု ညွှန်ပြရန်အတွက် မဇ္ဈိမပဋိပဒါကျင့်စဉ်(၈)ပါးကို ဖော်ထုတ်ပြီးနောက် သစ္စာလေးပါးကို ဆက်လက်ဟောကြားရခြင်း ဖြစ်ပေသည်။

အကယ်၍ တရားဦးဒေသနာတွင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုသာ ထုတ်ပြ၍ သစ္စာလေးပါးကို မဟောကြားခဲ့သော် ဘာသာဝါဒသစ် တစ်ခုကို လက်ဦးဆုံးထုတ်ဖော်ပြသည့် တရားဦးသည် ပြည့်စုံသည်ဟု မဆိုနိုင်။ စင်စစ် ဝါဒသစ်တစ်ရပ်ကို ထုတ်ဖော်ရာတွင် ပြည့်ပြည့်စုံစုံ ပါရှိသင့်ပေသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် မိမိ၏ ဝါဒသစ်ကို ပြည့်စုံစွာ ဖော်ပြရန်အလို့ငှါလည်း သစ္စာလေးပါးကို ထည့်သွင်းပြခဲ့ခြင်း ဖြစ်၏။

သစ္စာလေးပါးဟူသည်-

၁။ ဒုက္ခသစ္စာ = ဆင်းရဲအမှန်တရား

၂။ သမုဒယသစ္စာ=ဆင်းရဲဒုက္ခ၏ အကြောင်းမှန်တရား၊

၃။ နိရောဓသစ္စာ=ဆင်းရဲငြိမ်းမှု အမှန်တရား၊

၄။ မဂ္ဂသစ္စာ=ဆင်းရဲဒုက္ခငြိမ်းရေး လမ်းစဉ် အမှန်တရားတို့ ဖြစ်သည်။

*သထပ(ကျမ်းပြု)*

# သာသနာပြုသူတို့၏ဘဝမှတ်တမ်းများ (၅)



သန်းရွှေပိုင်(တမူး)

ကော်ဆမ်မိန်း ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းမြေနေရာအဖြစ် ရွေးချယ်သတ်မှတ်ပြီးသည့်နောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများသည် စာရေးသူ၏ တာဝန်များသာ ဖြစ်တော့၏။ ပထမဦးစွာ ယင်းမယ်ဇလီခြံပိုင်မှ ပေ ၂၀၀-ပတ်လည်ရှိမြေအား ဗုဒ္ဓမြတ်စွာ သာသနာတော် အဓွန့်ရှည်ထွန်းကားပြန့်ပွားပါစေခြင်း အကျိုးငှာ ဘုန်းကြီးကျောင်း မြေနေရာအဖြစ် မြေလှူဒါန်းစာချုပ် ပြုလုပ်ခဲ့ပါသည်။

ယင်းစာချုပ်ပေါ်တွင် အသိသက်သေများ အဖြစ် ကျေးရွာသူကြီး၊ အုပ်စုအုပ်ချုပ်ရေးမှူးတို့အား လက်မှတ်ရေးထိုးစေပါသည်။ ယင်းမြေနေရာအား မြေစာရင်းမှာ အတိုင်းအတာ ပုံကြမ်းရရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့် အညီ သာသနာ့မြေရရှိရေး ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းဝင်းအလှူရှင်အား မယ်ဇလီထင်းများကို ဦးစွာခုတ်ယူစေသည်။ ယင်းနောက် ကျောင်းဆောက်မည့် အကျယ်အဝန်းမြေနေရာအား ရွာသားများစုပေါင်းရှင်းလင်းစေခဲ့ပါသည်။ ကျောင်းဆောက်နိုင်ရန် မြေသန့်မင်္ဂလာ ပြုလုပ်ပါသည်။ မြေသန့်မင်္ဂလာပွဲ

ပြုလုပ်နိုင်ရန် ဆရာတော် ၁၁-ပါးပင့်ခြင်း လှူဖွယ်ပစ္စည်း စီစဥ်ခြင်းကို စာရေးသူမှ စီစဥ်ဆောင်ရွက်ပါသည်။

မြေသန့်မင်္ဂလာပွဲသို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်၊ သာသနာပြုဇဟိုဆရာတော် သာသနာပြု မိုင်းယုဆရာတော် စုစုပေါင်း ဆရာတော် ပင့်သံဃာတော် ၁၁-ပါးဖြင့် မြေသန့်ပြုလုပ်ပါသည်။ ယင်းကျောင်းမြေသန့် ပြုလုပ်နေစဉ် ခမရ-၅၇၃ မှ ရှေ့တန်းတပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး နေမျိုးအောင် ရောက်ရှိလာပြီး နောက် ဘုန်းကြီးကျောင်းဆောက်ရန် မ၊ တည်ငွေ ကျပ်တစ်သိန်း စတင်လှူဒါန်းပါသည်။

ယင်းနောက်တွင် မနက ဥက္ကဋ္ဌ ဟိုခဲ့ဆရာတော်မှ ၁-သိန်း၊ သာသနာပြုဇဟိုဆရာတော်မှ ၁-သိန်း၊ မိုင်းယုဆရာတော်မှ ၁-သိန်း၊ မိုင်းယုရှမ်းကျောင်းဆရာတော်မှ ငါးသောင်း၊ မိုင်းယုမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးမှ ငါးသောင်း၊ သာသနာရေးမှူးမှ သုံးသောင်း၊ မိုင်းယု မြေစာရင်းမှ သုံးသောင်း စသည်ဖြင့် မူလအစီအစဉ်မရှိပါဘဲလျက် သာသနာပြုစိတ်ဓာတ်အပြည့်ဖြင့် ရောက်ရှိလာသော ပုဂ္ဂိုလ်များမှ လှူဒါန်းကြရာ မြေသန့်မင်္ဂလာပွဲ၌ပင် (၇)သိန်းခွဲ ရရှိခဲ့ပါသည်။ မြေသန့်ပွဲလာ ဆရာတော်၊ ဌာနဆိုင်ရာများနှင့် ရွာသားများမှ အံ့ဩဝမ်းသာ သာဓုခေါ်ကြပါသည်။

ကော်ဆမ်းမိန်းကျေးရွာကျောင်း ဖြစ်မြောက်ရေး ကော်မတီ ဖွဲ့စည်းပြီး ထိုကော်မတီမှ အလှူငွေများကို ထိန်းသိမ်းစေပါသည်။ မိုင်းယုမြို့နယ်ခွဲအတွင်း ပါရှိပြီး မိုင်းယုမြို့နှင့် သွားလာရေးဆက်သွယ်ရေး အဆင်ပြေသဖြင့် မိုင်းယုမြို့နယ်ခွဲရှိ ဌာနဆိုင်ရာများဖြင့် ကျောင်းဖြစ်မြောက်ရေးကော်မတီကို အဓိကထား ဖွဲ့ခဲ့ပါသည်။

မိုင်းယု သာသနာပြုဆရာတော်၏ အနီးကပ် ကြီးကြပ်ဩဝါဒဖြင့် မြို့နယ်ခွဲ ဌာနဆိုင်ရာများမှ ငွေကြေးထိန်းသိမ်းကြပါသည်။ ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးအား အကျယ် ၃၀-ပေ×၂၀-ပေရှိ ၁-ထပ်သွပ်မိုး သစ်သားကျောင်းကို ငွေကျပ် ၁၀-သိန်းဖြင့် အပ်နှံကြ၏။ ခုနစ်သိန်းခွဲရှိငွေမှ လိုငွေကို မိုင်းယုဆရာတော်နှင့် မြို့နယ်ခွဲမှ ဖြည့်စွက်၍ ၁၀-သိန်းပြည့်အောင် လှူဒါန်းကြပါသည်။

ကော်ဆမ်းမိန်းရွာ ဘုန်းကြီးကျောင်းကို

ငွေကျပ် ၁၀-သိန်းဖြင့် လက်ခံပြီး ကျောင်း ဆောက်ပေးမည်ဟု လုပ်ငန်းရှင် ဦးလောကြူး နှင့် ပထမ သဘောတူညီမှုရခဲ့သည်။ သို့သော် လည်း လုပ်ငန်းရှင် ဦးလောကြူးသည် သိန်း သုံးဆယ်ရမှ ကျောင်းဆောက်ပေးနိုင်မည်ဟု ပြောင်းလဲသွားသဖြင့် အချိန် ၆-လခန့်ကြာ သွားခဲ့ရသည်။

ကျောင်းဆောက်ရန် ငွေကျပ် ၁၀-သိန်း ကို လုပ်ငန်းရှင် ဦးလောကြူးထံ ပေးချေခဲ့ပြီး ဖြစ်သည်။ သိန်း ၃၀-ရမှ ကျောင်းဆောက် ပေးမည်ဖြစ်ရာ လိုငွေ သိန်း ၂၀-ကို မိုင်းယု ဆရာတော်၊ ရှေ့တန်းတပ်ရင်းမှူးနှင့် မြို့နယ်ခွဲ ဌာနဆိုင်ရာများမှ လှူဒါန်းကြရာ ၁၅-သိန်းခန့် ရ၏။ လိုငွေ ၅-သိန်းကို ကော်ဆမ်မိန်းကျေး ရွာမှ လှူဒါန်းပေးရန် ကျေးရွာဗုဒ္ဓဘာသာများ မှ လှူဒါန်းရန် ဖြစ်၏။

ယင်းအချိန်တွင် ကျေးရွာဗုဒ္ဓဘာသာ ခေါင်းဆောင်သည် မိုင်းယောင်းသို့ ရောက်ရှိ လာပြီး အခြေအနေ အကျိုးအကြောင်း ပြော ကြားလာ၏။ မြို့နယ် သံဃနာယက ဆရာတော်မှလည်း ထပ်မံ၍ နှစ်သိန်းခွဲ လှူဒါန်းပေး၏။ ကျန်နှစ်သိန်းခွဲကို ရွာမှ စုပေါင်းလှူဒါန်းကြသဖြင့် စုစုပေါင်း သိန်း ၃၀-ပြည့်သွား၏။

အလှူငွေသိန်း ၃၀-ပြည့်သည်နှင့် ကျောင်းအမြန်ဆောက်ပေးနိုင်ရန် လုပ်ငန်းရှင် ဦးလောကြူးထံ ခဏခဏ တိုက်တွန်းရ၏။ နှိုးဆော်ပေးရ၏။ လက်သမားဆရာထံ သွား၍ ခဏခဏတိုက်တွန်းရ၏။ ကျောင်း ဆောက်ပြီးပါက သာသနာပြုရဟန်းတော် ရရှိရေး မြေနေရာအား ၁၀၅-ပုံစံ လှူဒါန်း စာချုပ်၊ အခြား လိုအပ်သော စာရွက်စာတမ်း အပြည့်အစုံဖြင့် ရန်ကုန်ရှိ ထေရဝါဒဗုဒ္ဓ သာသနာပြု (သြဝါဒါစရိယအဖွဲ့)ပိုင်အဖြစ် လှူဒါန်းပြီး သာသနာပြုမည့် ရဟန်းတစ်ပါး တောင်းခံရ၏။

၂၀၀၈-ခုနှစ် ဒီဇင်ဘာလတွင် သာသနာ ပြု ရဟန်းတော် ဦးစန္ဒာသီရိ(နပသ-ရန်ကုန်) ရဟန်းတော်တစ်ပါး ရောက်ရှိလာ၏။ ရဟန်း တော်အား သာသနာပြုဌာနရှိရာ ကော်ဆမ်း မိန်းရွာသို့ ဆိုင်ကယ်ဖြင့် လိုက်လံပြသရ၏။ ယင်းအချိန် ကျောင်းဆောင်သစ် ဆောက်မပြီး သေးသဖြင့် ရဟန်းတော်အား မိုင်းယောင်း ဗဟိုကျောင်း၌ ခေတ္တသီတင်းသုံးစေခဲ့ရပါ သည်။

**သန်းရွှေပိုင်(တမူး)**

* * * * *

# သစ္စာမြတ်၏
# ဓာတ်ရှိန်

တက္ကသိုလ်သျှင်သီရိ

<ဓမ္မာစရိယ, ဘီအေ>



ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရှင်မဟာကဿပ မထေရ်မြတ် သီတင်းသုံးနေတော်မူချိန် ဖြစ်သည်။



တပည့်ရဟန်းငယ်တစ်ပါးသည် သမထတရား အားထုတ်ရာ စတုတ္ထဈာန်အထိ ရောက်ရှိနေသည်။



တစ်နေ့တွင် ထိုရဟန်းငယ်သည် မိမိ၏ ဦးရီးတော်ဖြစ်သော ရွှေပန်းတိမ်အိမ်သို့
ဆွမ်းစားကြွရာ မိန်းကလေးတစ်ဦးကို တွေ့မြင်ရာမှ စွဲလမ်းမိတော့၏။
ထိုအခါ ရရှိထားသော စတုတ္ထဈာန်မှာ ပျောက်ကွယ်သွားသည်။ သူသည်
ရဟန်းဘဝတွင် မနေလိုတော့သဖြင့် ရှင်မဟာကဿပမထေရ်မြတ်ထံ ခွင့်
တောင်း ကာ လူထွက်သည်။
တပည့်တော်ကို
လူထွက်ခွင့် ပြုတော်
မူပါဘုရား ...

ရဟန်းလူထွက်ပြီးလျှင် သူသည် မိန်းကလေးကို ရရှိနိုင်ရန် မိဘများ ဦးရိုးတော် ဆွေမျိုးများကို ချဉ်းကပ်၍ တောင်းရမ်း ရယူနိုင်ရန် ကြိုးစားခဲ့ရာ မိန်းကလေးနှင့် လက်ထပ်ခွင့် ရခဲ့သည်။



ရဟန်းလူထွက်မှာ
မိန်းမရပြီး ဘာအလုပ်မှမလုပ်၊ လုပ်ဖို့လည်း စိတ်မဝင်စား၊
မူးရူးနေသောကြောင့် မိန်းကလေး၏ မိဘများက မနှစ်သက်ဘဲ
အိမ်မှ နှင်ထုတ်ခြင်းခံရသည်။


ရဟန်းလူထွက်သည် ခိုးသူများနှင့် ပေါင်းဓိကာ အိမ်တစ်အိမ်တွင် ဝင်ရောက်ခိုးရာမှ အဖမ်းခံရလေသည်။
သေဒဏ်ချမှတ်ခံရသဖြင့် ကြိုးတုတ်ရိုက်နှက်ကာ လူသတ်ကုန်းသို့ ခေါ်လာကြသည်။


ထိုအချိန်တွင် ရှင်မဟာကဿပမထေရ်မြတ်ကြီး ဆွမ်းခံကြွလာရာ ...
အရှင်ဘုရား ... တပည့်တော် အဖြစ်ကို ကြည့်ပါဦးဘုရား...
ထိုအခါ မထေရ်မြတ်က ဤသို့ မိန့်တော်မူ၏။
တပည့်... ရှေးက သင်လေ့ကျက် အပ်သော သမထကမ္မဋ္ဌာန်းကို ယခု တစ်ဖန် ထပ်မံ ဆင်ခြင်လော့ ...

ထိုအခါ ရဟန်းလူထွက်သည် ဆရာဖြစ်သူ ပြောသည့်အတိုင်း ကျင့်ကြံအားထုတ်ပွားများရာ စတုတ္ထဈာန်ကို ပြန်လည်ရရှိ၏။



စတုတ္ထဈာန်ကို ရရှိပြီးသော ရဟန်းလူထွက်မှာ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခြင်းကင်းကာ တည်ငြိမ်အေးချမ်းစွာ ရှိနေသောကြောင့် လာရောက်ကြည့်ကြသော လူများသည် အံ့ဩထူးဆန်းနေကြသည်။





အာဏာသားတို့သည် ရဟန်းလူထွက်၏ ထူးခြားသော အမှုအရာကို မင်းကြီးအား လျှောက်တင်ရာ မသတ်ဘဲ လွှတ်ရန် အမိန့်ပေးလိုက်သည်။ ထိုအကြောင်းကို ဘုရင်မင်းကြီးက ဘုရားရှင်ထံ လျှောက်ထားသောအခါ ဘုရားရှင်က သူသာန်၌ ရဟန်းလူထွက် ခိုးသူယောက်ျားထံ ရောင်ခြည်တော်လွှတ်ကာ တရားဟောကြားလေသည်။



ထိုအခါ ရဟန်းလူထွက်ယောက်ျားသည် ဉာဏ်တွင် ထင်မြင်လာပြီး သင်္ခါရတရားကို ရှုမှတ်သော ခဏတွင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိ၏။


သူသည် ထိုခဏာတွင် ကောင်းကင်သို့ ပျံတက်၍ဘုရားရှင်ထံ ရောက်ရှိကာ ရဟန်းပြုရန် ခွင့်တောင်းသည်။ ဘုရားရှင်က ရဟန်းပြုခွင့် ပေးသောအခါ မင်းနှင့် ပရိသတ်အလယ်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်။
ကာမဂုဏ်အမိုက်များကြောင့် ရာဇဝတ်မှုကျူးလွန်ခဲ့သော တပည့်မိုက်ကို ဆရာမြတ်၏ မေတ္တာ ကရုဏာကြောင့် အသက်ဘေးမှ လွတ်ခဲ့ရပြီးလျှင် နောက်ဆုံး အရဟတ္တဖိုလ်သို့ဝင် ဆိုက်ရောက်ခဲ့ရ၏။
ဤကား 'ဆရာမြတ်၏ ကျေးဇူး' ပင် မဟုတ်ပါလော။ ။

# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## လောကလူသားတို့ ကြီးပွားချမ်းသာရန် နည်းလမ်းမှန် အသိပညာများ

ဖူးပွင့်ဝေ

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမ ဒီနေ့ တပည့်တို့ကို လောက လူသားတွေ သိသင့်သိထိုက်တဲ့ အတတ်ပညာ တွေနဲ့ ပတ်သက်ပြီး လောကနီတိဆုံးမစာတွေ ကို ထပ်ပြီး ပြောပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါ ဆရာမ"

လောက၌ အကြင်သူသည် ပထမအရွယ် မှာ ပညာရှာရမယ်ကွဲ့၊ အဲဒီပညာရှာရမဲ့ ပထမအရွယ်မှာ ပညာမရှာရင် အရွယ်တွေလွန်၊ အချိန်တွေကုန်ပြီး ပညာမတတ် ဖြစ်တတ်တယ် ကွဲ့၊ ပညာရှာရမယ့် အရွယ်မှ ပညာမရှာရင်၊ ပညာမတတ်လို့ ပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက်ရတယ်ကွဲ့၊ ပညာမတတ်လို့ သူ၏ ခန္ဓာကိုယ်ဖြင့် ဝန်ကိုထမ်းပြီးနေရတဲ့ လူတွေ ကို တွေ့ဘူးကြသလားကွဲ့။

"တွေ့ဘူးပါတယ် ဆရာမ"

အေး ပညာမတတ်တော့ ကိုယ့်လက်အား ကိုး သက်မွေးဝမ်းကြောင်းပြုနေရတဲ့သူတွေ ဘဲကွဲ့ "**အေးမင်းတို့ရော အဲဒီလိုလုပ်ချင် သလား**"။

"မလုပ်ချင်ပါဘူး ဆရာမ"

"မလုပ်ချင်ရင် ပညာကို ကြိုးစား သင်ကြရမယ်ကွဲ့၊ ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာမ"

အေး ပညာတတ်ဘွဲ့ရပြီးတော့ ဒုတိယ အရွယ်ဥစ္စာ၊ စီးပွားရှာရမယ့်အရွယ်ဖြစ်တယ် ကွဲ့၊ အဲဒီ ဒုတိယအရွယ် ဥစ္စာရှာရမယ့်အရွယ်

မှာ ဥစ္စာမရှာဘဲ အလဟာသ အချိန်တွေ ဖြုန်းတီးမယ်၊ ပျင်းရိနေမယ်ဆိုရင် လက်ရှိဘဝမှာရော၊ အသက်ကြီးလာတဲ့ဘဝမှာရော စားဝတ်နေရေး မပြည့်မစုံဖြစ်ပြီး အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲတွေနှင့် ကြုံတွေ့ရမယ်ကွဲ့၊ အဲဒီလို ဆင်းရဲတဲ့မိသားစုတွေ တွေ့ဘူးကြတယ်မဟုတ်လား။

"တွေ့ဘူးပါတယ် ဆရာမ"

အေး ဒါကြောင့် ဘုရားရှင်က လူ့လောက လူ့ဘဝကြီးပွားချမ်းသာမှုရအောင် **သမ္ပဒါ** ဆိုတဲ့ ပြည့်စုံမှု လေးပါးနှင့် ပြည့်စုံရမယ်လို့ ဟောကြားလမ်းညွှန်ထားတယ်ကွဲ့၊ အဲဒီ ပြည့်စုံမှုလေးပါးကို သိချင်ကြသလားကွဲ့-

"သိချင်ပါတယ် ဆရာမ"

အေး နံပါတ်(၁) ဥဋ္ဌာနသမ္ပဒါ= လုံ့လ၊ ဇွဲ၊ ဝီရိယနှင့်ပြည့်စုံရမယ်တဲ့။

(၂) အာရက္ခသမ္ပဒါ=ရှာဖွေရလာတဲ့ ဥစ္စာပစ္စည်းကို စောင့်ရှောက်ထိန်းသိမ်းမှုနှင့် ပြည့်စုံရမယ်တဲ့။

(၃) သမဇီဝိတာသမ္ပဒါ= ရလာတဲ့ ဥစ္စာပစ္စည်းကို မျှတအောင် သုံးစွဲတတ်ရမယ်တဲ့။ အဲဒီနေရာမှ ဘုရားရှင်က ထပ်မံခွဲပြတာကတော့ကွယ် ရလာတဲ့ ဥစ္စာပစ္စည်းကို လေးပုံပုံပါတဲ့၊ တစ်ပုံကိုစား၊ နှစ်ပုံကို ပြန်လည်ရင်းနှီးပြီး တိုးပွားအောင် အလုပ်လုပ် ကျန်တဲ့တစ်ပုံကို မင်းဘေး၊ စိုးဘေး၊ ကျန်းမာရေး စသည် အတွက် စုထားရမယ်တဲ့ကွဲ့၊ လှူချင်တယ်ဆိုရင် စားတဲ့အပုံထဲက လျှော့စားပြီး လှူပါတဲ့၊ ၁၀၀-ကျပ်ဘိုးစားမယ်ဆိုရင် ၉၀-ကျပ်ဘိုးပဲစားပြီး ၁၀-ကျပ်ဘိုးကို စုပြီး လှူပါတဲ့ကွဲ့။

(၄) ကလျာဏမိတ္တသမ္ပဒါ- အလုပ်အကိုင် စီးပွား ဥစ္စာရှာတဲ့အခါမှာ မိတ်ဆွေကောင်းရှိရမယ်တဲ့၊ မိတ်ဆွေကောင်းရှိမှ ကူညီတဲ့သူရှိမယ်၊ ကိုယ်ရောင်းတဲ့ဆိုင်မှ လာရောက်အားပေးမယ်လို့ ဆိုတာပေါ့ကွယ့်။

ဒုတိယအရွယ် စီးပွားရှာတဲ့အခါမှာ အဲဒီလေးပါးနှင့် ပြည့်စုံစွာ ကျင့်ပြီး စီးပွားရှာမှ စီးပွားဖြစ်မှာတဲ့၊ သဘောပေါက်ကြသလား ကွဲ့။

“သဘောပေါက်ပါတယ် ဆရာမ”

တတိယအရွယ် တရားရှာဆိုသည်မှာ တရားရှာရမယ့် တတိယအရွယ်မှာ တရားမရှာရင် အရွယ်လွန်ပြီး အိုမင်းရင့်ရော်၊ ကျန်းမာရေးမကောင်းတော့ တရားရမှာမဟုတ်ဘူးကွဲ့၊ အသက်အရွယ်ကြီးရင့်ပြီး ဉာဏ်တွေထိုင်း၊ ခါးတွေကိုင်းတဲ့အချိန်မှာ မှတ်ဉာဏ်တွေမကောင်း၊ ကျန်းမာရေးကလည်း မကောင်းတော့လို့ တရားရှာလို့ မရဘူးကွဲ့။

အေး အဲဒီလို ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်မှာ လုပ်ရမယ့်အလုပ်တွေ မလုပ်ရင် စတုတ္ထအရွယ်မှာတော့ ဘာမှ လုပ်လို့မရတော့ဘူးကွဲ့၊ လောကမှာ လူပိုကြီး သက်သက်ဖြစ်သွားပြီးကွဲ့၊ သိကြရဲ့လားကွဲ့။

“သိပါပြီ ဆရာမ”

အေး ဒါကြောင့် သားတို့၊ သမီးတို့ တစ်ပွေဟာ အတတ်ပညာကို အတတ်ပညာ သင်ရမယ့်အချိန်မှာ ကြိုးစားပြီး သင်ရမယ်ကွဲ့၊ ကြိုးစားပြီး သင်ရမယ့်အချိန်မှ ပျင်းရိပြီး မသင်ဘဲနေရင် ပညာမတတ်ဘူးကွဲ့၊ ပညာမတတ်ရင် လူ့အောက် သူ့အောက်ကျတတ်တယ်ကွဲ့၊ ပညာမတတ်တဲ့အတွက် အလုပ်ကိုလည်း ရွေးချယ်လို့မရဘူးကွဲ့၊ သူများမလုပ်ချင်တဲ့ အလုပ်တွေကို ပင်ပင်ပန်းပန်းနဲ့ လုပ်ရတယ်ကွဲ့၊ ပညာတတ်တဲ့သူတွေကတော့ ရွေးချယ်လို့ ရတယ်ကွဲ့၊ ပညာတတ်ရင် ပူဇော်တာကိုလည်း ခံရတယ်ကွဲ့၊ ဒါကြောင့် သားတို့၊ သမီးတို့ နေ့စဉ်နေ့တိုင်း ပညာသင်ရမယ့်အရွယ်မှာ ကြိုးစားပြီး သင်ယူရမယ်ကွဲ့။

"သိကြပြီးလား"

"သိပါပြီ ဆရာမ"

အေး အဲဒါအပြင် သားသမီးကို ပညာသင်မပေးတဲ့ မိဘတွေဟာလည်း သားသမီးတို့ရဲ့ ရန်သူမည်တယ်ကွဲ၊ ပညာမတတ်တဲ့ သားသမီးတို့သည်လည်း ဟင်္သာတို့အလယ်၌ရှိသော ဗျိုင်းကဲ့သို့ မတင့်မတယ် ရှိတတ်တယ်ကွဲ့။

"သိကြပြီးလားကွဲ့"

"သိပါပြီ ဆရာမ"

အေး အဲဒီလိုဘဲ တောင်ကြား၊ ချောက်ကြားမှာ ပေါက်ရောက်သော ဆူးပင်သည်လည်း မည်သူမျှချွန်၍ ထက်နေသည်မဟုတ်၊ သူ့အလိုလိုသာ ထက်နေတာကွဲ့၊ ထို့အတူ သမင်တို့၏ မျက်စိသည်လည်း မည်သူမျှ မျက်စဉ်းခတ်၍ ကြည်သည်မဟုတ်၊ သူ့အလိုလိုသာ ကြည်နေတာဖြစ်တယ်ကွဲ့၊ ရွှံ့နွံထဲ၌ ပေါက်သောကြာသည်လည်း မည်သူမျှ အနံ့ထည့်ထား၍ မွှေးနေတာမဟုတ်ဘူးကွဲ့၊ သူ့အလိုလို သဘာဝအတိုင်းသာ မွှေးနေတာဖြစ်တယ်ကွဲ့၊ ထို့အတူ အမျိုးကောင်းသားသမီးတို့ ယဉ်ကျေးလိမ္မာသော သဘောသည်လည်း မည်သူမျှပြုမည်ဖြစ်သည်မဟုတ်၊ သူ့သဘာဝအတိုင်းသာ ဖြစ်တယ်ကွဲ့။

အေး အဲဒီလိုဘဲ ထုံးမပါသော ကွမ်းဟာလည်း အရသာမရှိဘူးကွဲ့၊ ထို့အတူ ကိုယ်ပိုင်ဥစ္စာမရှိသောသူ၏ တန်ဆာဆင်ခြင်းဟာလည်း အလကားဘဲကွဲ့၊ ဆားမပါသော ဟင်းဟာလည်း အရသာမရှိဘဲ ပေါ့ပျက်ပျက်ဖြစ်တယ်ကွဲ့၊ အတတ်ပညာမရှိသောသူ၏ ပျို့ကဗျာဖွဲ့ခြင်း၊ စာပေရေးသားခြင်း၊ ကျမ်းပြုခြင်းဟာလည်း မကောင်းဘူး၊ အဆင့်အတန်းမရှိ၊ အသုံးမဝင်ဘူးပေါ့ကွယ်၊ သဘောပေါက်နားလည်ကြရဲ့လား။

"နားလည်ပါတယ် ဆရာမ"

အေး သည်တစ်ပတ်တော့ သည်လောက်နဲ့ဘဲ အတန်းနားကြစို့ကွယ်။ နောက်အပတ်စဉ်တွေမှာ ဆက်ပြီးပြောပြမယ်ကွဲ့.----

"ဟုတ်ကဲ့ပါ ဆရာမ၊ မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

**မှူးမွှင်ဝေ**

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd; DYDG) Religious Affairs)

အမှန်စင်စစ် ပါဠိပိဋကစာပေကျမ်းစာများသည် ဘုရားရှင်၏ သာသနာတော်ကို ကြာရှည်စွာ တည်တံ့အောင် စွမ်းဆောင်ပေးနိုင်သော တစ်ခုတည်းသော ပဓာနအသက် ဖြစ်သည်၊ မြတ်ဗုဒ္ဓ၏ ဓမ္မကို တိတိကျကျ နားလည်သိရှိရန်အတွက် ပါဠိပိဋကတ်ကျမ်းစာများကို ရှင်းလင်းစွာ နားလည်ရန် လွန်စွာ အရေးပါးလှပါသည်၊ ပိဋကပါဠိကျမ်းစာများကို ရှင်းလင်းစွာ နားလည် သိမြင်ခြင်းမရှိဘဲ ဘုရားရှင်၏ သာသနာတော်ကို တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ရန် မဖြစ်နိုင်ချေ။

Indeed, Pali Pitaka Texts are the sole life-essence of the Buddha's Teachings which can maintain it for a long duration. To understand the Dhamma exactly, it is very important to know Pali Pitaka Texts thoroughly. Without the thorough knowledge of the Pali Pitaka Texts we cannot perpetuate and propagate the Buddha's teachings.

ပဉ္စင်္ဂုတ္တရပါဠိတော် စာ-၂၁၆၊ ဆတ္တင်္ဂုတ္တရပါဠိတော် စာ-၂၉၈ နှင့် သတ္တင်္ဂုတ္တရပါဠိတော် စာ-၄၆၀တို့တွင် မြတ်စွာဘုရားရှင်က သာသနာတော် ကွယ်ပခြင်း၏ အကြောင်းတရား ၅ မျိုးစီကို အောက်ပါအတိုင်း ဟောဖော် ညွှန်ပြထားသည်-

၁။ ရဟန်းတော်များ၊ ဓမ္မကို မနာကြားခြင်း၊

၂။ မသင်ယူခြင်း၊

၃။ နှုတ်ငုံမဆောင်ခြင်း၊

၄။ နားလည်မှုမရှိခြင်း၊

၅။ ဝိနည်းစည်းကမ်းကို လိုက်နာ ကျင့်သုံးမှုမရှိခြင်း။

တစ်နည်း

၁။ ဓမ္မကို မသင်ယူခြင်း၊

၂။ အသေးစိတ် မဟောကြားခြင်း၊

၃။ အသေးစိတ် မသင်ပြ၊ မပို့ချ ခြင်း၊

၄။ နှုတ်ငုံမဆောင်ခြင်း၊

၅။ နက်နဲစွာ ကြံစီစဉ်းစားမှုမပြု ခြင်း။

နောက်တစ်နည်း

၁။ ဓမ္မကို မှားယွင်းစွာသင်ယူ ခြင်း၊

၂။ ကောင်းသော ဩဝါဒ လမ်းညွှန်မှု ကို မနာခံခြင်း၊

၃။ ဓမ္မပို့ချသင်ပြသူ ရှားပါးခြင်း၊

၄။ လာဘ်လာဘရရှိရန် အထူး အားထုတ်ခြင်း၊

၅။ အချင်းချင်း ခိုက်ရန် ဖြစ်ပွား ခြင်း။

According to page 216 of Pancanguttara, page 298 of Ohakkanguttara and page 460 of Sattanguttara Pali Texts; the Buddha showed the five factors that make Buddha dispensation disappeared in three different ways;-

1. Monks, not listening to the Dhamma
2. Not studying,
3. Not memorizing,
4. Not understanding and
5. Not having moral code of the conduct;

Another way;

1. Not studying the Dhamma
2. Not preaching in detail
3. Not teaching in detail
4. Not committing to memory and
5. Not pondering deeply

The Next way;

1. Studying the Dhamma wrongly
2. Not listening to good advice
3. Rarity of Dhamma teacher and
4. Grate effort for gain, and
5. Quarreling each other

အထက်ပါ ငါးချက်စီကို ကြည့်ရှုသုံးသပ်ပါက ဗုဒ္ဓသာသနာတော်ကို ရှည်ကြာတည်တံ့အောင် ထိန်းသိမ်းရန် ပိဋကပါဠိတော်ကျမ်းစာများကို သင်ယူမှတ်သားခြင်းသည် လွန်စွာအရေးကြီးကြောင်း တွေ့ရှိနိုင်သည်။ ပရိယတ္တိမေဝ သာသနမူလံ ပါဠိပိဋကတ်ကျမ်းစာများကို သင်ယူမှတ်သားခြင်း ဗုဒ္ဓသာသနာတော် ရှည်ကြာလေ မြင့်စွာတည်တံ့ရန် အခြေခံအကြောင်းတရားဖြစ်ကြောင်း မြတ်စွာဘုရားရှင်က ပွင့်လင်းစွာ ညွှန်ပြထားတော်မူခဲ့သည်။

On viewing the above each of five factors, we can see that study of Pitaka Pali Texts plays the vital role to sustain the Buddha Sasana for long. The Buddha openly pointed to the fact that Pariyattimeva Sasanamulam- study of Pitaka Pali Texts 1-1 Pariyatti Dhamma is a root cause to sustain the long duration of the existence of Buddha Sasana.

ယခုအခါ မြန်မာနိုင်ငံတွင် ရှင်ရဟန်းငယ်များ ပါဠိပိဋကကျမ်းစာများ သင်ယူရန် မြန်မာဆရာတော်ကြီးများနှင့် သာသနာ့ဒါယကာ ဒါယိကာမများက အထူးအားပေးလျက်ရှိကြသည်၊ အမှန်စင်စစ် ပိဋကပါဠိကျမ်းစာများနှင့် နီးနွယ်လျက်ရှိသော ခေတ်စာပေများသည် မြတ်ဗုဒ္ဓသာသနာတော် ဖွံ့ဖြိုး

တိုးတက်ပြန့်ပွားရေးအတွက် အထောက်အကူပြု အသုံးဝင်သည် မှန်သော်လည်း ဘုရားရှင်၏ သာသနာတော် ခိုင်မာတည်တံ့ရေးအတွက် ပဓာနကျသော မဏ္ဍိုင်များမဟုတ်ပေ။

At present, Myanmar monks and pious lay devotees are encouraging the study of Pitaka Pali Texts for young monks and young novices in Myanmar. Contemporary modern subjects concerning with the Pitaka Pali Texts are, indeed, useful and functional for promotion and propagation of Buddha Sasana but they are not main pivots for sustenance of Buddha's teaching.

မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒ ငါးနိုင်ငံ အနေဖြင့် လက်တွဲ ပူးပေါင်း စည်းလုံးလျက် နိုင်ငံတကာတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ရှည်ကြာလေးမြင့်စွာတည်တံ့ရေးကို ရှေးရှုကာ ပိဋကပါဠိဘာသာကျမ်းစာများ သင်ကြားရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ရန် ပြင်းထန်စွာ ကြိုးစားအားထုတ်သင့်ကြပါသည်။

All the five Theravada countries, Myanmar, Sri Lanka, Thailand, Lao PDR and Cambodia should unitedly join in hands and make an arduous efforts to establish a firm foundation of Pitaka Pali Text Study to prolong the Theravada Buddhism in the world.

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ရှည်ကြာလေးမြင့်စွာ တည်တံ့နိုင်ရေးအတွက် စနစ်ကျသော ပိဋကပါဠိကျမ်းစာများ သင်ယူရေးကို အခြေခံသော "ဗုဒ္ဓဘာသာပညာရေး" တစ်ခုကို ထူထောင်ရန် လက်တွဲကြိုးပမ်းအားထုတ်ကြပါစို့။

Let's work together to establish " a Buddhist Education" based on the systematic study of Pitaka Pali Texts for long duration of Theravada Buddhism in the World.

**ဦးအောင်သိန်းညွန့်**
**U Aung Thein Nyunt**

# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လစဉ်း

(၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲ ကျင်းပခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပခဲ့သော (၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် (၇၉)ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မေလ(၁၃)ရက်၊ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး အမှူးပြုသော ဒည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ

အဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ်၊ သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာရာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပါသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ထို့နောက် (၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အောင် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လျှုဒါန်းကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ က တိပိဋကဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မူလအဘိဓမ္မ ကောဝိဒအောင် သာသနာ့အာဇာနည်(၂)ပါး၊ မူလအာဘိဓမ္မိက အောင် သာသနာ့အာဇာနည်(၁)ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည်(၂)ပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည်(၁၀)ပါး၊ ဝိနယဓရအောင် သာသနာ့အာဇာနည် (၁၆)ပါး၊ ဥဘတောဝိ ဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည်(၁၀)ပါး၊ ဥပတောဝိဘင်္ဂဓရ အောင် သာသနာ့အာဇာနည်(၃၇)ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြပါသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာ ရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှဝေကြပါသည်။

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| ၁. | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၂. | သဒ္ဓမ္မဇောတိကပဌာန်း |
| ၃. | သဒ္ဓမ္မဇောတိက အဘိဓမ္မာ |
| ၄. | သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ် |
| ၅. | ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ |
| ၆. | ကပ္ပိယကောင်းတစ်ယောက် |
| ၇. | အလှူဒါနအမျိုးမျိုး |
| ၈. | သီလ(သို့) ကိုယ်ကျင့်တရား |
| ၉. | ဂုဏ်တော်(မြန်မာ) |
| ၁၀. | အမရပူရ |
| ၁၁. | သာသနာပြုအခြေခံကိုယ်ကျင့်တရား |
| ၁၂. | ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော် |
| ၁၃. | ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ |
| ၁၄. | အလိမ္မာပျိုးခင်း |
| ၁၅. | အမျိုးသားယဉ်ကျေးမှု |
| ၁၆. | ပေစာကျမ်းလာ မြန်မာ့ဆေးပညာ |
| ၁၇. | သပ္ပုရိသဝတ်ရွတ်စဉ် |
| ၁၈. | ဗုဒ္ဓနှင့် ဖြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု |
| ၁၉. | ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း |

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော
မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahāsatipaṭṭhāna |
| 11. | Mahāvagga saṁyutta |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ဝိပဿနာကျင့်စဉ်သုံးပုံ CD ရှင် |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Basic Principle |

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com




ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။
Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477